# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၅ ခုနှစ်၊ တပို့တွဲလကွယ်၊ စနေနေ့။ Saturday, 9 March 2024 ၁၁၃၉၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မတ် ၈**

"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး" ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊

**စာမျက်နှာ ၄ သို့ ကော်လံ ၁ သို့ ○**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအသင်းအဖွဲ့များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

**သတိပြုရမှာက ရေတိုရည်မှန်းချက်တွေမှာ အချိန်ကြာသွားရင် အဲဒီမှာပဲနစ်မြုပ်သွားတတ်တာ၊ ဝဲလည်နေတတ်တာတွေနဲ့ လက်လျှော့လိုက်ရတာတွေဖြစ်တတ်တာမို့ အဓိကဦးတည်ချက်ကို မျက်ခြည်မပြတ်ဘဲ လုပ်ငန်းအဆင့်တိုင်းမှာ အာရုံစူးစိုက်ထားဖို့အရေးကြီးပါတယ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**ယခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်အကိုင်ရရှိမှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာ**

စာမျက်နှာ » ၁၃




ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးရေးပန်းတိုင်ရည်မှန်းချက်ကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံပန်းတိုင်အထွက်နှုန်းတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်မှုကုန်ကြမ်းသီးနှံများတွင် ဝါသည် အရေးပါသည့်သီးနှံတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဝါသီးနှံစိုက်ပျိုးကြပြီး ဝါစိုက်ဧက ငါးသိန်းစိုက်ပျိုးနိုင်မည်ဆိုပါက ချည်ပိတ်ကိုက်သန်းပေါင်း ၅၈ သန်းထွက်ရှိမည်ဖြစ်၍ နိုင်ငံလူဦးရေ သန်း ၅၀ ကျော်၏ ဝတ်ရေးအတွက် ဖူလုံမည်ဖြစ်သည်။

လူတို့၏ အရေးသုံးပါးဖြစ်သော စား၊ ဝတ်၊ နေရေးလိုအပ်ချက်တွင် မဖြစ်မနေလိုအပ်သည့် ဝတ်ရေးအတွက် ပြည်တွင်းထုတ်ချည်ထည်အမျိုးမျိုးနှင့် ပြည်ပမှတင်သွင်းသည့်အဝတ်အထည်အမျိုးမျိုးကို အသုံးပြုကြသည်။ အမျိုးသား၊ အမျိုးသမီးဝတ်ဆင်သော ပုဆိုး၊ ထဘီအထည်များအတွက် ပြည်တွင်းထုတ်ကုန်များကို အများဆုံးအသုံးပြုကြပြီး အင်္ကျီအဝတ်အစားများကိုမူ ပြည်ပသွင်းကုန်များကို အများဆုံးအသုံးပြုကြသည်။ အမှန်တကယ်တွင် ပြည်တွင်းထုတ်ချည်ထည်များသည် မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့်ကိုက်ညီပြီး ဝတ်ဆင်ရကောင်းမွန်သည့် ချည်ထည်များဖြစ်သည်။ ပြည်တွင်းချည်ထည်များကို အသုံးပြုကြခြင်းဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရလဒ်ကောင်းများရရှိမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ကော်ဖီနှင့်အသား၊ နို့ထွက်ပစ္စည်းကဏ္ဍဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးတွင် ဝါသီးနှံအထွက်တိုးရေးအတွက် ဆွေးနွေးပြောကြားခဲ့ပြီး မတ်လ ၇ ရက်နေ့ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် ဝါသီးနှံ၊ ချည်မျှင်နှင့် အထည်အလိပ်တို့နှင့်ပတ်သက်၍ အကျယ်တဝင့်လမ်းညွှန်မှာကြားခဲ့သည်။ တိုင်းပြည်စီးပွားတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှာကြားခဲ့သည့် ဝါသီးနှံအထွက်တိုးရေးနှင့် ချည်မျှင်နှင့်အထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဝါသီးနှံများ စိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကို စနစ်တကျထုတ်လုပ်နိုင်ခြင်းမရှိသေးပေ။ တစ်ချိန်သောကာလက ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်ခဲ့သော်လည်း စီမံခန့်ခွဲမှုနှင့်တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကြောင့် ဝါနှင့်ချည်ထည်လုပ်ငန်းများဖွံ့ဖြိုးရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ လက်ရှိတွင် ဝါသီးနှံနှင့်ချည်မျှင်နှင့်အထည်လုပ်ငန်းများကို ပြန်လည်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ လျာထားသည့် ဝါစိုက်ဧက ငါးသိန်းတွင် တစ်ဧကေလျှင် ပိဿာချိန် ၇၀၀ ခန့်ထွက်ရှိပြီး ဝါကုန်ကြမ်းကို ချည်ထည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်သူတိုင်းအသုံးပြုနေသည့် ချည်ထည်များ ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ဝါသီးနှံသည် အမြင်အားဖြင့် မဆန်းလှသော်လည်း အသုံးချမှုနှင့်အသုံးဝင်မှုတွင် ကျယ်ပြန့်လှပေသည်။ ဝါသီးနှံမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှအထည်စသည့်လုပ်ငန်းအဆင့်ဆင့်တွင် လိုအပ်သည့်သွင်းအားစုများနှင့် နည်းစနစ်ပိုင်းဆိုင်ရာတို့ကို ခေတ်မီနည်းလမ်းကျနဆောင်ရွက်ရန်လိုအပ်သည်။ ဘေးထွက်ပစ္စည်းဖြစ်သည့် ဝါစေ့ကို ဆီကြိတ်သည့်လုပ်ငန်းများတွင် ဆောင်ရွက်ခြင်းဖြင့် ဆီစက်လုပ်ငန်းများလည်ပတ်လာပြီး ဆီလိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ထို့အပြင် ဝါစေ့ကြိတ်ဖတ်များအား တိရစ္ဆာန်အစားအစာများအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ပြည်ပမှတင်သွင်းရသည့် နိုင်ငံခြားငွေကုန်ကျမှုလည်း လျော့နည်းသက်သာလာမည်ဖြစ်သည်။

ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှတစ်ဆင့် တိုင်းပြည်စီးပွားရေးကို ကောင်းမွန်တိုးတက်လာအောင် အထောက်အကူပြုနိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ဝါစိုက်ပျိုးထုတ်လုပ်သူများ၊ အထည်အလိပ်လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဝါအထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့်စိုက်နည်းစနစ်များ၊ သွင်းအားစုများနှင့် အောင်ရေရရှိရေးအတွက် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဝါများအား ကုန်ချောချည်နှင့်ပိတ်များထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် စားရေရိက္ခာဖူလုံရေးကို နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဝတ်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပြည်တွင်း၌ ချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်း စိုက်ဧကပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ချည်မျှင်နှင့်အထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဟုမ္မလင်းမြို့နယ်၌ ဆောင်းမြေပဲအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးကွင်းသရုပ်ပြ

ဟုမ္မလင်း မတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော ဆောင်းမြေပဲအထွက်နှုန်းတိုးတက်ရေးအတွက် ကုန်ကျစရိတ်သက်သာသည့် ယူရီးယားနှင့် လက်ချားသုံးစွဲနည်းပညာပေး ကွင်းသရုပ်ပြပွဲကို မတ် ၈ ရက် နံနက် ၇ နာရီခွဲက ဟုမ္မလင်း ရပ်ကွက်ချင်းတွင်းမြစ်ကမ်းဘေး မြေပဲစိုက်ခင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမိုးမင်းက တောင်သူများအား ဆောင်းမြေပဲတွင် ယူရီးယားနှင့် လက်ချား အသုံးပြုနည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယလက်ထောက်ဦးစီးမှူး ဦးအောင်လင်းမောင်က မြေပဲတစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး တောင်သူများက သိလိုသည်များ ဆွေးနွေးမေးမြန်းခဲ့ကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများအား ရွက်ဖျန်းအားဆေးနှင့် တောင်သူအသိပညာပေး လက်ကမ်းစာစောင်များ ထောက်ပံ့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မတ် ၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 နှင့် MG, MGZS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Ltd. မှ တင်သွင်းလာသော Geely Geometry C အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Dongfeng Motor Corporation Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng EX1 Pro အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ လာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့် ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၃၃၉ | ၂,၈၁၃,၇၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၃,၁၂၂ | ၈,၇၇၃,၆၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၁၂ | ၁,၆၃၂,၄၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၉,၃၁၄ | ၁၃,၉၇၁,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၀ | ၅၀,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၇၅၀ | ၁၄၂ | ၂၅၀,၉၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၆ | ၁၂၁,၉၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၁,၁၂၄ | ၁,၉၁၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်အစိုးရနဲ့အတူ ပုဂ္ဂလိက၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆတက်ထမ်းပိုးတိုးပြီး ရင်းနှီးမြှုပ်နှံ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားသို့ပေးပို့သည့် အဖွင့်မိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက် )



**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ မတ်လ(၈)ရက်နေ့ဟာ ကမ္ဘာတစ်ဝန်းလုံးက အမျိုးသမီးများအတွက် အထင်ကရနေ့တစ်နေ့ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ပဲဖြစ်ပါတယ်။ နှစ်စဉ်ဒီနေ့ရောက်တိုင်း အမျိုးသမီးတွေရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား အကောင်အထည်ဖော်လာစေဖို့ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာနဲ့အဝန်း ကျင်းပကြမြဲဖြစ်ပါတယ်။

ယခုနှစ် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ကတော့ **“အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး” (Invest in Women: Accelerate Progress)** ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ရဲ့ရည်ရွယ်ချက်အရ ကျား မ တန်းတူညီမျှမှု ရရှိစေဖို့အတွက် အမျိုးသမီးနဲ့ မိန်းကလေးငယ်များရဲ့ ပညာရေး၊ ကျန်းမာရေး လက်လှမ်းမီရရှိပြီး စီးပွားရေးမှာ ပိုမိုပါဝင်လာစေမယ့် နည်းလမ်းတွေကို စူးစမ်းလေ့လာကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတကာမှာ ကဏ္ဍအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ကြပေမယ့် အထူးသဖြင့် အမျိုးသမီးများ စီးပွားရေးကဏ္ဍမှာ တန်းတူပါဝင်ခွင့်ရရှိဖို့အတွက် အခက်အခဲများစွာကို သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်တာကို ကမ္ဘာ့နိုင်ငံအားလုံး သတိပြုမိစေဖို့ ဆောင်ပုဒ်နဲ့အသိပေးနှိုးဆော်ခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမျိုးသမီးများနဲ့ မိန်းကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဆိုင်ရာ အခွင့်အလမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများနဲ့ စာတတ်မြောက်မှုတို့မှာ တန်းတူညီမျှ လက်လှမ်းမီမှုရရှိမယ်ဆိုရင် ကျား မ တန်းတူညီမျှမှုကို ရရှိနိုင်ကြောင်း ဒီဆောင်ပုဒ်က မီးမောင်းထိုးပြခြင်းပဲဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားစေဖို့၊ သူတို့ရဲ့လေ့လာနိုင်စွမ်း၊ ဝင်ငွေရှာဖွေနိုင်စွမ်းနဲ့ ဦးဆောင်နိုင်စွမ်းတွေကို ခိုင်မာအားကောင်းလာစေဖို့ အမျိုးသမီးများရဲ့ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဟာ အနာဂတ်အတွက် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုလို့ ဆိုရမှာပဲဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါ၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ပဋိပက္ခ၊ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်တွေနဲ့ စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုများဟာ ကမ္ဘာ့လူဦးရေ ၇၅ သန်းကျော်ကို ဆင်းရဲမွဲတေမှုဆီသို့ တွန်းပို့ခဲ့ပါတယ်။ ဒီအခြေအနေတွေကို လိုအပ်တဲ့ တုံ့ပြန်ချက်တွေ မဆောင်ရွက်နိုင်ဘူးဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသမီးနဲ့ မိန်းကလေးငယ် ၃၄၂ သန်းကျော်ဟာ ၂၀၃၀ ပြည့်နှစ်မှာ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကို ရောက်ရှိဖို့ဦးတည်နေပြီလို့ သိရှိရပါတယ်။

ယနေ့မြန်မာအမျိုးသမီးများဟာ မိသားစုအတွင်း၊ ရပ်ရွာလူမှု အဖွဲ့အစည်းအတွင်းသာမက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များမှာပါ အမျိုးသားများနဲ့တန်းတူ အကျိုးပြုနိုင်သူတွေဖြစ်ကြပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများရဲ့ အင်အားကိုပါရယူပြီး လိုအပ်တဲ့ ကဏ္ဍတွေမှာ ပါဝင်ခွင့်ပေးရမှာဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားစေဖို့အတွက် စာတတ်မြောက်မှုဟာ အခြေခံကျတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ စစ်တမ်းများရဲ့ ဖော်ပြချက်အရ ကမ္ဘာနဲ့အဝန်း အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ၈၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာတာကို တွေ့ရပါတယ်။ အာဆီယံဒေသတွင်းမှာ အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၈၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်မှာ ၉၅ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးမြင့်လာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီး စာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ရာခိုင်နှုန်းရှိရာက ၂၀၂၃ ခုနှစ်မှာ ၈၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာနေပြီဖြစ်ပါတယ်။

မြို့ပြမှာသာမက ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်း၊ အတန်းပညာ မသင်ယူနိုင်တဲ့ အမျိုးသမီးငယ်ရွယ်နဲ့ အမျိုးသမီးများအတွက် ၎င်းတို့ရဲ့ ဘဝကောင်းမွန်စွာ ရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး ပံ့ပိုးပေးကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းကစလို့ အမျိုးသမီးများရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်း ကျား မ အခြေပြုအလုပ်အကိုင်ရရှိမှုစစ်တမ်း(၂၀၂၃) အရ ၂၀၂၀ ပြည့်နှစ်မှာ အလုပ်ရရှိသူ အမျိုးသားများမှာ ၆၆ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်မှာ အလုပ်ရရှိသူ အမျိုးသားများမှာ ၆၇ ဒသမ ၈၆ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အမျိုးသားနဲ့ အမျိုးသမီးအကြား အလုပ်အကိုင်ရရှိမှုအခြေအနေဟာ ကွာဟနေဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ အမျိုးသမီးများ အများစု ပါဝင်လုပ်ဆောင်နိုင်မယ့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများဖြစ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍအလိုက်လိုအပ်တဲ့ ကျွမ်းကျင်မှုများရရှိစေဖို့ အစီအစဉ်များ ဆောင်ရွက်ပေးနေပါတယ်။ အမျိုးသမီးများ လုပ်ငန်းခွင်မှာ နောက်ဆံမတင်းဘဲ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသမီးဦးရေ ၁၀၀ နဲ့အထက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ကလေးထိန်းဌာနများထားရှိဖို့ လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ယနေ့ခေတ်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်နေတာနဲ့အမျှ အလုပ်အကိုင်ရရှိမှုနဲ့ စီးပွားရေးလုပ်ငန်းများမှာ နည်းပညာဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်လာတာကြောင့် အမျိုးသမီးများဟာ ခေတ်နဲ့လျော်ညီစွာ နည်းပညာတွေကို လက်လှမ်းမီသုံးစွဲတတ်ဖို့လိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့အမျိုးသမီး ၂၇ ရာခိုင်နှုန်းဟာ နည်းပညာနဲ့ သက်ဆိုင်တဲ့လုပ်ငန်းများမှာ အလုပ်အကိုင်ရရှိပြီး ၂၀ ရာခိုင်နှုန်းဟာ နည်းပညာကဏ္ဍရဲ့ ဦးဆောင်သူနေရာမှာ တာဝန်ယူလျက်ရှိနေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာတော့ နည်းပညာနဲ့သက်ဆိုင်တဲ့ အလုပ်အကိုင်တွေမှာ အမျိုးသမီးပါဝင်မှုကို ကောက်ယူထားတဲ့ အချက်အလက်မရှိပေမဲ့ နည်းပညာ တက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ တက်ရောက်နေကြတဲ့ အမျိုးသမီး ၄၈ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးသမီးများအတွက် အင်ဂျင်နီယာ၊ နည်းပညာ၊ ကွန်ပျူတာ ဘာသာရပ်များနဲ့ဆက်စပ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ကျား၊ မ ခွဲခြားခြင်းမရှိဘဲ တန်းတူအခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမျိုးသမီးများအနေနဲ့ နည်းပညာကို လက်လှမ်းမီသုံးစွဲနိုင်ဖို့ Digital Literacy သင်တန်းများ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြှင့်တင်ရေး သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများ ခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ကိုက်ညီပါက ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှစွာ အခွင့်အရေးပေးထားတဲ့အတွက် အမျိုးသမီးများ ပါဝင်နိုင်အောင် ဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားလာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ဒုတိယသက်တမ်း(၂၀၂၃-၂၀၃၂)ကို ရေးဆွဲလျက်ရှိပြီး အတည်ပြုပြီးတဲ့အခါ အကောင်အထည်ဖော်ရာမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

**❖ မြို့ပြမှာသာမက ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်း၊ အတန်းပညာမသင်ယူနိုင်တဲ့ အမျိုးသမီးငယ်ရွယ်နဲ့ အမျိုးသမီးများအတွက် ၎င်းတို့ရဲ့ဘဝကောင်းမွန်စွာရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေးပံ့ပိုးပေးကြဖို့ လိုအပ်**

**❖ ဒါမှသာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းကစလို့ အမျိုးသမီးများရဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်**

စာမျက်နှာ ၅ သို့ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

❍ ရှေ့ဖုံးမှ
နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကောင်စီဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ဒုတိယ ဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးများဆိုင်ရာ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုများနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်မားရေးဆိုင်ရာ လုပ်ငန်းများ၏ အရေးကြီးမှုကို ပြည်သူလူထုကသိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် နေပြည်တော်အပါအဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကော်မတီများအကြား သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်နိုင်ရေးအတွက် ကော်မတီ၏အစည်းအဝေးကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် လိုအပ်သည့် ကြီးကြပ်လမ်းညွှန်မှုများ ဆောင်ရွက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငွေး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကိုလည်း တစ်နှစ်တစ်ကြိမ် သက်တမ်းတိုး၍ တတိယသက်တမ်း ကာလကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအကြမ်းဖက်မှုကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" ကို ဖွင့်ထားပြီး ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၅ သို့** ❍




မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ စာမျက်နှာ ၃ မှ

၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံပြီး ထုတ်ပြန်လိုက်တဲ့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ စာရင်း အရ မြန်မာနိုင်ငံရဲ့လူဦးရေ ၅၆ ဒသမ ၂ သန်းမှာ အမျိုးသား ၂၆ ဒသမ ၈ သန်းနဲ့ အမျိုးသမီး ၂၉ ဒသမ ၄ သန်း ရှိတဲ့အတွက် ၅၂ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြပါတယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ အရပဲပြောရရင် ၂၅ နှစ်အထက် ပညာတတ်မြောက်မှုမှာ အလယ်တန်းအဆင့်ထိ ပြည်ထောင်စု ၇၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှာ အမျိုးသမီးက ၇၃ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသား ၇၂ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ လုပ်သားအင်အားပါဝင်မှုမှာ ပြည်ထောင်စုက ၆၃ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှာ ကျား ၇၅ ဒသမ ၇ ရာခိုင်နှုန်း၊ မ ၅၂ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ပြည်ထောင်စု ၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှာ ကျား ၂ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး ၆၁ ဒသမ ၅ ရာခိုင်နှုန်း၊ ကျား ၇၄ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၅၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိကြတာ တွေ့ရပါတယ်။ အသေးစိတ်ပြောမယ်ဆိုရင် များစွာရှိပါတယ်။ ဒီအချက်အလက် တွေကိုကြည့်ရင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍများစွာ မြှင့်တင်ပေးဖို့လိုနေတယ်ဆိုတာ မီးမောင်းထိုးပြနေခြင်းပဲဖြစ်ပါတယ်။ အမျိုးသမီးများရဲ့ စွမ်းပကားကို အခြေပြုပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာများမှာ စွမ်းစွမ်းတမံ ပါဝင်ခွင့်ရရှိစေဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာလူဦးရေရဲ့ ထက်ဝက်ကျော်အင်အားရှိတဲ့ အမျိုးသမီးများရဲ့စွမ်းရည်ကို အသုံးချနိုင်ဖို့နဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ဖို့ **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”**ဆိုတဲ့ ယခုနှစ်ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးများ ဘက်စုံ၊ ကဏ္ဍစုံမှာ စွမ်းရည်ပြည့်ဝစေဖို့ နိုင်ငံတော်အစိုးရနဲ့အတူ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆတက်ထမ်းပိုးတိုးပြီး ရင်းနှီးမြှုပ်နှံပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ **အားလုံးကိုကျေးဇူးတင်ပါတယ်။**

○ စာမျက်နှာ ၄ မှ

ပြည်သူများ အသိပညာ ဗဟုသုတ ရရှိပြီး အမျိုးသမီးအခွင့်အရေးများ ကဏ္ဍစုံတွင် ကျား၊ မတန်းတူညီမျှရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို သိရှိနိုင်စေရန် အသိပညာပေးအစီအစဉ်များကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များအထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျား၊ မ တန်းတူညီမျှရေး ဆောင်ရွက်ချက်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်၏မူဝါဒ၊ လမ်းညွှန်ချက်များနှင့် အညီ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာ Video Clip နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip တို့ကို ပြသသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး ပြိုင်ပွဲတွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်ဝန်ကြီး ဒေါက်တာစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ပန်းရောင်စုံနှင့် လှတဲ့မြေ” တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအသင်းအဖွဲ့များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည် ကြည့်ရှုကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတက်ရောက်

**ပုသိမ် မတ် ၈**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ Video Clip နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများ နေ့အထိမ်းအမှတ်အသိပညာပေး Video Clip ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် အမျိုးသမီးများ၏ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။



**ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောသီရိသုခခန်းမနှင့် တကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပါရမီခန်းမတို့၌ ပြုလုပ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးငယ်များအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွက် (ဒုတိယအသုတ်) ငွေကြေးထောက်ပံ့ခြင်း အခမ်းအနားသို့တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေများနှင့် ကြက်ဥများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ လည်းကောင်း ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများသို့ ဝင်ရောက်ဖြေဆိုနေကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် မတ် ၈**

အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးပထမနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ယနေ့နံနက် ၈ နာရီ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊အမှုထမ်းများ၊တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

အစည်းအဝေးမစတင်မီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

**ဩဝါဒကထာများနာယူ**

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။ ထို့နောက်အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက **"သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ"** အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။ ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးကျင်းပမည့် ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၁၄ ရက်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ် မတ် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားပြီး အတည်ပြုချက်ကို ရယူ၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ဆက်လက်၍ အစည်းအဝေးသဘာပတိ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသ၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

**တင်သွင်းလျှောက်ထား**

ယင်းနောက် ၁၃၈၄ ခုနှစ် တပေါင်းလမှ ၁၃၈၅ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထား၍ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး ၁၃၈၄ ခုနှစ် တပေါင်းလမှ ယနေ့အထိကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားသည်။

**ရှင်းလင်းပြန်ကြားလျှောက်ထား**

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညတို့က ရှင်းလင်းပြန်ကြားလျှောက်ထားခဲ့ပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင် ဇနီး ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု၊ အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁၃-၃-၂၀၂၄ ရက်နေ့တွင် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁၂-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားရှိသည်ဖြစ်ရာ ယခုအခါ အဆိုပါအခမ်းအနားကို ၁၃-၃-၂၀၂၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေစင်ရွှေပြားကပ်လှူရန် ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ ဒသမ ၈၇ စတုရန်းပေအတွက် ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ ၃၄၈၅ ချပ်ဖြစ်ပြီး ဖေဖော်ဝါရီလကုန်အထိ ၅၂၆ ချပ်သာ လှူဒါန်းရရှိထားသည်ဖြစ်ရာ လုံးတော်ပြည့် ကပ်လှူနိုင်ရန် ရွှေစင်ရွှေပြား ၂၉၅၉ ချပ် လိုအပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လိုအပ်လျက်ရှိသည့် ရွှေစင်ရွှေပြားများအတွက် တစ်ချပ်လျှင် ကျပ် (၂၅)သိန်းနှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည် -

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ) ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉
(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ဥပ္ပါတသန္တိစေတီတော်) ဖုန်း - ၀၉-၅၁၃၅၆၉၈
(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်) ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇
(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀
(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ် စာရင်းအမှတ် (CF – 000873)
(၆) AYA Pay (Merchant ID. 20044314)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ရွှေစင်ရွှေပြားများ လှူဒါန်းကြမည့် အလှူရှင်များအနေဖြင့် ပထမအကြိမ်အလှူငွေပေးအပ်ပွဲသို့ ကိုယ်တိုင်ကြွရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

**ကျိုက်မရော မတ် ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အချိန်မရွေးဖြစ်ပေါ်နိုင်သော မီးဘေးအန္တရာယ်၊ လျှပ်စစ်ဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာန၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး သန္နေ့အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဖြူစင်နှလုံးသားပရဟိတအဖွဲ့များ စုစုပေါင်းအင်အား ၃၅ ဦးတို့ဖြင့် မီးဘေး၊ လျှပ်စစ်ဘေးနှင့် အခြားသော ဘေးအန္တရာယ်များအတွက် လက်တွေ့သရုပ်ပြဇာတ်တိုက်မှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိချို( ပြန်/ဆက်)**

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ



**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်ရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်ကြောင်း ဆရာတော်အရှင်မြတ်များအားလုံး သဘောပေါက်ပြီးဖြစ်ကြပါသည်ဘုရား။ ရဟန်းသံဃာတော်များသည် သာသနာတော်တွင် လုပ်ငန်းတာဝန်နှစ်ရပ်ဖြင့် သီတင်းသုံးနေထိုင်တော်မူကြသည့်အားလျော်စွာ ဂန္ထဓုရတာဝန်ကို ဆောင်ရွက်တော်မူကြသော ပရိယတ္တိစာသင်တိုက်ကြီးများ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များက မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်း၊ ဝိပဿနာဓုရတာဝန်ကို ဆောင်ရွက်တော်မူကြသော ကမ္မဋ္ဌာန်းကျောင်းတိုက်များကလည်း မိမိတို့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကလည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းတို့ဖြင့် သုံးပွင့်ဆိုင် ညီညီညွတ်ညွတ် ဓမ္မာနုဂ္ဂဟကုသိုလ်ထူးကို ဆောင်ရွက်တော်မူနိုင်ကြရေး အလေးပေးလျှောက်ထားအပ်ပါသည်ဘုရား။ သို့မှသာ ဤလောက၌ မကြည်ညိုသေးသောသူတို့ ကြည်ညိုလာကြခြင်း၊ ကြည်ညိုပြီးသောသူတို့ကလည်း ပို၍ကြည်ညိုလာကြခြင်းဖြင့် သဗ္ဗညုဘုရားရှင်၏ သာသနာတော်ကြီးသည် ပြစ်မျိုးမထင် အညစ်အကြေးကင်းစင်၍ သန့်ရှင်းစင်ကြယ်စွာ ကြာရှည်အစဉ်တည်တံ့နေနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားရှင်သည် သာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့နေစေရေးအတွက် လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်တော်မူကြမည့် ပဥ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အဂ္ဂသာဝက မဟာသာဝက စသော သာဝက တပည့်သား ရဟန်းတော်တို့ကို ရှင်ရဟန်းပြုပေးတော်မူလျက် စည်းမျဉ်းစည်းကမ်းအဖြစ် ဓမ္မဝိနယတို့ကို ဟောကြားဆုံးမကာ သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။ သက်တော်ထင်ရှား ဘုရားရှင်လက်ထက် တပည့်သာဝကအဆက်ဆက်မှ ယခုမျက်မှောက်ခေတ် သာသနာ့တာဝန်ထမ်းဆောင်တော်မူကြသည့် သံဃာထုတိုင်အောင် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြရာ နှစ်ပေါင်း(၂၅၆၇)နှစ်တိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။ တပည့်တော်တို့၏ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၊ ဂိုဏ်းအသီးသီးမှ သာသနာ့ဥဿျှောင် ဆရာ့ဆရာ မထေရ်ကြီးများကလည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရများ၏သာသနာပြုကုသိုလ်အထောက်အပံ့ကို ရယူလျက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများကို ကျင်းပကာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲစသည်တို့ကို အတည်ပြုပြဋ္ဌာန်းတော်မူခဲ့ကြပါသည်။ ယင်းအခြေခံ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကိုဖွဲ့စည်း၍ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို ချမှတ်ကာ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"မူအရ သာသနာတော်ကိစ္စရပ်တို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သက်တမ်းမှ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအကြိမ်အထိ ရောက်ရှိခဲ့ရာ နှစ်ပေါင်း (၄၅)နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ထိုသို့ ဘုရားရှင်လက်ထက်တော်မှသည် ယနေ့ခေတ်တိုင်အောင် အယူသီလတူမျှကြကာ စည်းမျဉ်းစည်းကမ်းတစ်ခုတည်းအတွင်းတွင် တည်ရှိခဲ့သည့် သံဃာ့အဖွဲ့အစည်းကြီးသည် သက်တမ်းရှည်ကြာစည်းတာ ပြည့်ဝ သိပ်သည်းကျစ်လျစ်လှသည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်ရှိ မည်သည့်အဖွဲ့အစည်းနှင့်မျှ နှိုင်းယှဉ်မရနိုင်သည့် မြင့်မြတ်လှသော အဖွဲ့အစည်းကြီးပင်ဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ထိုသို့သော အဖွဲ့အစည်းကြီးတွင် ပါဝင်ခွင့်ရကြသည့် တပည့်တော်တို့ သံဃာထုတစ်ရပ်လုံးသည် မိမိတို့ကျင့်သုံးထိုက်သော သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်ကို ခိုင်မာသည်ထက်ခိုင်မာအောင်၊ မြင့်မားသည်ထက် မြင့်မားအောင် အားစိုက်ကျင့်ဆောင်သည့်အနေဖြင့် ဓုရနှစ်ဖြာတာဝန်အသီးသီး ကျေပွန်ရင်းနှင့် သာသနာတော်ဆိုင်ရာကိစ္စရပ်များ လုပ်ငန်းတာဝန်များ ကျေပွန်ရေးတို့ကို ဆောင်ရွက်တော်မူကြပါလျှင် ဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ပေါင်း (၅၀၀၀)မကတည်တံ့နေမည်သာ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခန်း(၆) လုပ်ငန်းတာဝန်များပေးအပ်ခြင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဟူသော ခေါင်းစဉ်အောက်တွင် "သံဃာ့အဖွဲ့အစည်း တစ်ဆင့်ဆင့်၌ ပါဝင်သော ဆရာတော်သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှု၍ မိမိအားပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ထိုအခြေခံစည်းမျဉ်းအရ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအခန်း(၆)၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း အခန်းတွင်-

(က) ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ၊

( ခ ) မြို့နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ၊

( ဂ ) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ၊

(ဃ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

စသည့် လုပ်ငန်းတာဝန်အသီးသီးကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအခန်း(၆)၊ အပိုဒ်(၁၀၈)တွင် "နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်း၊ သာမဏေအားလုံးကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှတစ်ဆင့် တာဝန်ခံရမည်" ဟုလည်းကောင်း၊ အပိုဒ်(၁၀၉)၊ အပိုဒ်ခွဲ(က)တွင် "ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးတစ်ခုနှင့်တစ်ခုအကြား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့်သံဃာစည်းလုံးညီညွတ်မှုကိုတာဝန်ယူဆောင်ရွက်ရမည်"ဟု လည်းကောင်း၊ အပိုဒ်ခွဲ(ဌ)တွင် "တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေးကျင်းပရမည်"ဟု လည်းကောင်း စသည်ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်းကြီးတည်ရှိခဲ့သည့် (၄၅)နှစ်တာကာလအတွင်း သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စတို့ကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှု မပြုနိုင်ခဲ့ပါက ဤနှစ်များအတွင်း တပည့်တော်တို့ သာသနာတော်ကြီးသည် ဝိတဏ္ဍဝါဒ ရောထွေးပွေရှုပ် များစွာဆုတ်ယုတ်ပျက်စီးသွားနိုင်သည်ကို ဆင်ခြင်တွေးဆနိုင်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာတော်အရေး ကြောင်းကျိုးခြင်းရာများကို စဉ်းစားဆင်ခြင်ကြည့်ပါက တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ သာသနာတော်အတွက် အကျိုးကျေးဇူးများပုံကို ပြတ်ပြတ်ထင်ထင် သိမြင်နိုင်ပါသည် ဘုရား။ ဤသံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မယိုင်လဲ မပြိုကွဲအောင် ထိန်းသိမ်းပြုပြင်ကာကွယ်သွားရမည့်တာဝန်သည် မိမိတို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ အဓိကတာဝန်ကြီးဖြစ်ပါပေသည်ဟု နှလုံးသွင်းတော်မူကြလျက် ဤသံဃာ့အဖွဲ့အစည်းကြီး ခိုင်မာတည်တံ့လျက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တို့က နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ သာသနာတော်အတွက် ယုံကြည်ကိုးစား အားထားရမည့် အဖွဲ့အစည်းကြီးဖြစ်အောင် ထက်သန်သော သဒ္ဓါ ဆန္ဒ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအတိုင်း နောက်ဆုံးကျင်းပနိုင်ခဲ့သည့် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးနောက်ပိုင်း ဆဋ္ဌအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး မကျင်းပနိုင်မီကာလအတွင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်၊ ဂိုဏ်းပေါင်းစုံ သံဃာစည်းလုံးညီညွတ်ရေးတာဝန်များသည် တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တာဝန်ဖြစ်သည်ဟု သာသနာတော်မြတ်ကြီး၏တာဝန်ကို ထမ်းဆောင်တော်မူရသည့် မိမိတို့၏တာဝန်ကြီးကို ဆင်ခြင်စဉ်းစား ပီတိပွားကာ သောမနဿသဟ ဂုတ်ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် တာဝန်ကျေပွန်အောင် ဆတက်ထမ်းပိုး တိုး၍ တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အရှင်မြတ်တို့ဘုရား။

## တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ နေ့ညအသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီက မဟာမုနိဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဒေသ့ပရိသတ်များက မြို့နယ်သံဃာ့နာယက ဆရာတော် ဦးနန္ဒာစာရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်ကြပြီး တောင်ဥက္ကလာပ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးက ပဋ္ဌာန်းသိမ်းအောင်ပွဲ ကျေးဇူးတင်စကား လျှောက်ထားပြောကြားသည်။

ထို့နောက် ဆရာတော် ဦးသောဘနက အနုမောဒနာကထာ ဖတ်ကြားသည်၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား သဃ်္ကန်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးသောင်းလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအေးကို၊ မြို့နယ်ရပ်မိရပ်ဖ ဦးကျော်ကျော်ရှိန်တို့က နဝကမ္မဝတ္ထုအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုအတွက် တိုင်းဒေသကြီး သံဃာ့နာယကဥက္ကဋ္ဌဆရာတော်က ရေစက်ချအမျှပေးဝေသည်။ ဓမ္မသိပ္ပံဆရာတော် ဦးပဏ္ဍိတက နတ်ဖြဟ္မာများကို ပြန်လည်ပို့ဆောင် ပူဇော်ခဲ့ပြီး ဆရာတော် သံဃာတော်များနှင့် ဒေသ့ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကိုအောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# "မြန်မာနိုင်ငံ၏ ဒေသကြက်များ မျိုးရိုးဗီဇအဆင့်မြှင့်တင်ခြင်းနှင့် အဖြစ်များသောကူးစက်ရောဂါများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဒေသကြက် မွေးမြူထုတ်လုပ်မှု ပိုမိုမြင့်မားစေခြင်း" စီမံကိန်းစတင်

နေပြည်တော် မတ် ၈

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် ဆောင်ရွက်မည့် "မြန်မာနိုင်ငံ၏ ဒေသကြက်များ မျိုးရိုးဗီဇအဆင့်မြှင့်တင်ခြင်းနှင့် အဖြစ်များသော ကူးစက်ရောဂါများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဒေသကြက်မွေးမြူထုတ်လုပ်မှု ပိုမိုမြင့်မားစေခြင်း" စီမံကိန်း စတင်ကြောင်း မိတ်ဆက်ခြင်းနှင့် "ဒေသကြက်မျိုးမြှင့်တင်ရေးအတွက် ကြက်သားစပ်ခြင်းနှင့် ဒေသကြက်ရောဂါ စူးစမ်းရှာဖွေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သုတေသီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းကြက်မွေးမြူရေးနှင့် ကြက်သားဖောက်လုပ်ငန်း ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်တွင် ကြီးထွားနှုန်း အလွန်မြန်သည့် အသားစားကြက်မျိုးများ မွေးမြူခြင်းကို နိုင်ငံတကာတွင် မွေးမြူလုပ်ကိုင်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အလားတူ မြန်မာကြက် စားသုံးသူများပြားလာခြင်း၊ ဈေးကောင်းရခြင်းတို့ကြောင့် မြန်မာကြက်မွေးမြူခြင်းကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်းအပြင် စီးပွားဖြစ်မွေးမြူခြင်းလည်း ဆောင်ရွက်လာလျက်ရှိကြောင်း၊ မြန်မာကြက်မွေးမြူရေးတွင် ကြုံတွေ့ရသည့် "ကူးစက်ရောဂါများ ဖြစ်ပွားခြင်း" နှင့် ကပ်ရောဂါအသွင်ဖြစ်ပွားလေ့ရှိသော "ကြက်လည်လိမ်ရောဂါ" အပါအဝင် အဖြစ်များသည့် ကူးစက်ရောဂါများကို ရှာဖွေဖော်ထုတ်ပြီး စနစ်တကျ တားဆီးကာကွယ်ထိန်းချုပ်သွားရန် စီမံဆောင်ရွက်ခြင်းဖြစ်၍ သုတေသီများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကမြန်မာကြက်မွေးမြူလုပ်ကိုင်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာရဲထွဋ်အောင်က စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

၂၀၂၃ ခုနှစ်တွင် ကောက်ယူခဲ့သော တိရစ္ဆာန်သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံတွင် ဒေသကြက်ကောင်ရေ ၄၁ ဒသမ ၄၀ သန်းခန့် ရှိသော်လည်း တိုးပွားလာသည့် လူဦးရေနှင့် ဈေးကွက်လိုအပ်ချက်အရ ဒေသကြက် တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိရာ ဒေသကြက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဒေသကြက်များ မျိုးရိုးဗီဇ အဆင့်မြှင့်တင်ခြင်းနှင့် အဖြစ်များသော ကူးစက်ရောဂါများရှာဖွေဖော်ထုတ်ခြင်း သုတေသနစီမံကိန်းတစ်ခုကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းတွင် ဒေသကြက်မျိုးရင်းများထက် ကြီးထွားနှုန်းပိုမြန်ပြီး အသားအရသာ ပိုမိုနူးညံ့သော ဒေသကြက်မျိုးများ ရရှိရန်နှင့် ဒေသကြက်မွေးမြူရေး၌ အဖြစ်များသည့် ရောဂါများအား စနစ်တကျ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး အလားတူ ဒေသမျိုးရင်းကြက်များဖြစ်သည့် "အင်ပင်ဝ၊ လည်ပြောင်၊ စစ်တကောင်း" အပါအဝင် မြန်မာကြက်မျိုးရင်းများ၏ မျိုးရိုးဗီဇထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့ကြိုသင်တန်းများတွင် လက်တွေ့သင်ကြားပြသမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည့်အပြင် ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအတွက် ဘွဲ့ယူကျမ်းများပြုစုနိုင်မည့် အခွင့်အလမ်းများကိုပါ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဂျုံမျိုးသုတေသနစိုက်ခင်းများမှ ထွက်ရှိလာသော ဂျုံများကို မျိုးအလိုက် အရည်အသွေးများသိရှိနိုင်ရန်အတွက် အစားအစာသိပ္ပံနှင့် အာဟာရဆိုင်ရာ သုတေသနဌာနစုတွင် ပေါက်စီနှင့် ကွတ်ကီးမုန့်များ စမ်းသပ်ထုတ်လုပ်နေမှုနှင့် စားသုံးမှုအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းကို လက်တွေ့စစ်ဆေး၍ လိုအပ်ချက်များ အကြံပြုဆွေးနွေးခဲ့ပြီး ရှုရှားနေကြာမျိုးများ၏ ဒေသဖြစ်ထွန်းမှုကို စမ်းသပ်လေ့လာသော နေကြာမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်






# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၄၉) ကျင်းပ

နေပြည်တော် မတ် ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၄၉) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ယနေ့စကားဝိုင်းတွင် ဆွေးနွေးတင်ပြမည့် အကြောင်းအရာသည် "မြန်မာအထူးစီးပွားရေးဇုန်" ဖြစ်ကြောင်း၊ အခြားသော ကမ္ဘာ့နိုင်ငံများ၌လည်း အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်၍ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးတင်ပြသူအနေဖြင့် အထူးစီးပွားရေးဇုန်၏ အဓိပ္ပာယ်၊ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူများကို ထောက်ပံ့ပေးသည့်ခံစားခွင့်များ၊ အထူးစီးပွားရေးဇုန်များ၏ အနှစ်သာရ၊ မြန်မာအထူးစီးပွားရေးဥပဒေ ပြဋ္ဌာန်းခြင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ အထူးစီးပွားရေးဇုန်တွင် လိုင်စင်၊ ခွင့်ပြုမိန့် လိုအပ်မှုမှ ကင်းလွတ်ခွင့်၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ပေါ်ပေါက်လာခြင်း အကျိုးကျေးဇူးများကို ဆွေးနွေးဖော်ပြမည် ဖြစ်ခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်သည့်အတွက် စိတ်ပါဝင်စားစွာဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြမှုကို ဆောင်ရွက်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဟိန်းထွန်းက "မြန်မာအထူးစီးပွားရေးဇုန်အကြောင်း လေ့လာခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာအထူးစီးပွားရေးဇုန်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# တာလေမြို့၌ သောက်သုံးရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရေး ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်

တာလေ မတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၌ ဒေသခံပြည်သူများအား သောက်သုံးရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရေးအတွက် ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်လျက်ရှိရာ ယမန်နေ့ ညနေပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ တာလေမြို့စည်ပင်သာယာရေးဌာန ဦးစီးမှူး ဦးမနားရွှီနှင့် တာဝန်ခံအင်ဂျင်နီယာ ယွန်းမီမီတို့က တာလေမြို့စည်ပင်သာယာရေးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၄၂ ဒသမ ၉၆ သန်းဖြင့် Great Golden Horse Company Limited မှ တာဝန်ယူဆောင်ရွက်နေသော ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုများအား ကွင်းဆင်းကြည့်ရှုကာ သတ်မှတ်အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားစစ်ဆေးခဲ့သည်။

အဆိုပါ ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်သည် ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ရေစုကန်တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများအား သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(မြန်/ဆက်)



ကမ္ဘာ့ရေနေ့ ၂၀၂၄
WORLD WATER DAY 2024
၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်
UN WATER 22 MARCH WORLD WATER DAY
2024 Leveraging Water for Peace
ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး
အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့
(World Consumer Rights Day 2024)
မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု
(Fair and Responsible AI for Consumers)
၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (သောကြာနေ့)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်စောဒန်နီရယ် ရပ်စောက်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံ



**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်သည် ယနေ့ နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ် ယမ်းတွင်းငကြောင်ကျေးရွာအုပ်စု ပင်ဖြစ်ကျေးရွာ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေး ရုံး၌ မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။

**တင်ပြဆွေးနွေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများက ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရပ်စောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကို တင်ပြဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်က ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ယာယီတိုက်ပွဲရှောင်ပြည်သူများကိုယ်စား ဦးခွန်စံသိန်းနှင့် ဦးဒန်းဗဟာဒူးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် စက်ရုံမှူးက ယခုဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီအောင် ဆောင်ရွက်နေမှုနှင့် လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ရုံမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများသည် လက်ရာသေသပ်မှု၊ ခိုင်ခံ့မှု၊ ဈေးနှုန်းချိုသာမှု၊ အမြင်တင့်တယ်ဆန်းသစ်မှု စသည်တို့နှင့်ကိုက်ညီသည့် ထုတ်ကုန်ပစ္စည်းများဖြစ်အောင် စီမံဆောင်ရွက်ရန်၊ စက်ရုံမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်သည့် မိုလ်ဒိုင်များကို တီထွင်ထုတ်လုပ် နိုင်ရေးအတွက် သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ အထူးကြပ်မတ်ကုသဆောင်သုံးခုတင်များ စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေး လုပ်ငန်းများကို မှာကြားပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးရုံသုံးခုတင်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်ရောင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများကို လျာထားချက်အတိုင်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ တစ်ခါသုံး ဆေးထိုးအပ်များ ထုတ်လုပ်သည့် ဌာနအတွင်း လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြစ်သားမြို့ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား) သို့ သွားရောက်ကြည့်ရှု စစ်ဆေး၍ စက်ရုံမှ ထုတ်လုပ်သည့် ကုန်ချောများ ယခုထက် ပိုမိုရောင်းချနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားပြီး ၁/၄၀ ချည်များနှင့် ၂/၈၀ ချည်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ယခုဘဏ္ဍာနှစ်အတွင်း လေးထောင့်ပုံသံမဏိချောင်းများ လျာထားချက် ပြည့်မီရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သံမဏိချောင်းများ လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ရေး အစီအမံများရေးဆွဲဆောင်ရွက်ရန်နှင့် ကုန်ကြမ်းများ ကြိုတင်စုဆောင်းထားရန် မှာကြားပြီး အောက်ဆီဂျင်ထုတ်လုပ်ရေး အလုပ်ရုံ၊ ကုန်ကြမ်းအဖြစ် အသုံးပြုမည့် အင်ဂျင်များ ဖြတ်တောက်နေမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး Deformed Bar များ ထုတ်လုပ်ရာတွင် အသုံးပြုမည့် လေးထောင့်ပုံသံမဏိချောင်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ယနေ့တွင် ပေကုန်းကျေးရွာ ရေဆိပ်ဆင်းတံတား၊ ဝါးကောက်တောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို စစ်ဆေးသည်။

**ရာနှုန်းပြည့်ပြီးစီး**

ကွမ်းခြံကုန်းမြို့နယ် ပေကုန်းကျေးရွာ၌ အရှည်ပေ ၅၀၊ အကျယ် ရှစ်ပေရှိ ရေဆိပ်ဆင်းတံတားကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေနှစ်သန်း စုစုပေါင်းငွေကျပ်၁၇ သန်းနှင့် ဝါးကောက်တောကျေးရွာ၌ အရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင် ကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၃ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၃သန်း ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



# ရည်မှန်းချက်များချမှတ်၍ ဘဝကိုပုံဖော်ခြင်း

သိန်းထွန်း(IR)

**"မျှော်လင့်ချက်ဆိုတာ နိုးထနေတဲ့အိပ်မက်တစ်ခုပါပဲ" လို့ အရစ္စတိုတယ်က ပြောဖူးပါတယ်။ လူတိုင်းဟာ ဘဝမှာအောင်မြင်ဖို့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေရှိကြပါတယ်။ ဖြစ်ချင်တာတွေကို စိတ်ကူးယဉ်နေရုံနဲ့အိပ်မက်တွေဟာ လက်တွေ့ဖြစ်မလာပါဘူး။ လက်တွေ့ဘဝမှာ အိပ်မက်တွေနိုးထနေဖို့ဆိုရင် ကိုယ့်မျှော်လင့်ချက်တွေကို ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်မှ လိုချင်တဲ့ရလဒ်တွေ ရရှိလာမှာပါ။**

ကိုယ့်ရဲ့ဘဝ တိုးတက်မှုအတွက်ပဲဖြစ်ဖြစ်၊ အသက်မွေးဝမ်းကျောင်းတစ်ခု ပြောင်းချင်လို့ပဲဖြစ်ဖြစ် ရည်မှန်းချက်တွေချမှတ်ပြီး လုပ်ဆောင်ခြင်းဟာ ပရော်ဖက်ရှင်နယ်တိုးတက်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင်မရှိဘဲ ဘဝလျှောက်လှမ်းနေခြင်းဟာ မြေပုံ ဒါမှမဟုတ် GPS မရှိဘဲ ခရီးသွားနေတာနဲ့တူပါတယ်။ ဘယ်သွားနေမှန်း၊ ဘယ်ရောက်နေမှန်း၊ ဘယ်ကိုဦးတည်နေမှန်း မသိနိုင်ပါဘူး။ ကိုယ်ဘယ်ကိုသွားချင်တယ်ဆိုတာကို သိရင်တောင်မှ အဲဒီကိုဘယ်လိုသွားရမလဲ မသိနိုင်ပါဘူး။ လိုချင်တာရဖို့ကြိုးတော့ကြိုးစားပါရဲ့ ထိရောက်တဲ့ရလဒ်၊ သိသာမြင်သာတဲ့တိုးတက်မှုတွေမတွေ့နိုင်ဘဲ ရှေ့ခရီးအတွက် စမ်းတဝါးဝါးဖြစ်နေတတ်ပါတယ်။ ဒါကြောင့် လူအများစုဟာ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေမှာ နစ်မြုပ်နေပြီး ဘယ်လိုလွတ်မြောက်ရမလဲ၊ တိုးတက်အောင်မြင်အောင် ဘယ်လိုလုပ်ရလဲဆိုတာမသိကြဘဲ ဝဲလည်နေတတ်ပါတယ်။

သူသူကိုယ်ကိုယ် အသက်တွေကြီးလာလို့ ကိုယ့်ဘဝကိုပြန်ကြည့်ရင် နောင်တရစရာတွေ တွေ့မိပါလိမ့်မယ်။ တစ်ဦးနဲ့တစ်ဦး နောင်တရစရာတွေ တစ်ထပ်တည်းမတူညီကြပေမယ့် အများအားဖြင့် တွေ့ရလေ့ရှိကြတာက ကိုယ့်ရဲ့ရည်မှန်းချက်တွေအတွက် အကောင်းဆုံးဖြစ်အောင် မကြိုးစားခဲ့တာ၊ အသက်မွေးဝမ်းကျောင်းနဲ့ ပညာရေးအကြားရွေးချယ်မှုလွဲမှားခဲ့တာ၊ မိတ်ဆွေတွေ၊ မိသားစုအသိုက်အဝန်းတွေနဲ့ နွေးထွေးတဲ့ဆက်ဆံရေးမရှိခဲ့တာ၊ ကျန်းမာရေးနဲ့နေထိုင်မှုပုံစံ မှားယွင်းခဲ့တာ၊ ငွေကြေးသုံးစွဲမှုလွဲမှားခဲ့တာ၊ ခံစားချက်တွေကို မဖော်ပြခဲ့တာ စတာတွေ တွေ့ရလေ့ရှိပါတယ်။

ငယ်ရွယ်စဉ်က ကိုယ့်ဘဝကို ဘယ်လိုပုံဖော်ရမလဲ၊ ဘာဖြစ်ချင်တာလဲဆိုတဲ့ ရည်မှန်းချက်တွေ မရှိတဲ့အခါမှာ ဘဝတွေဟာ ဦးတည်ချက်မရှိတဲ့ လှေတစ်စင်းလိုပဲ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်သွားတတ်တာ မဆန်းပါဘူး။ ဘယ်သူမဆို ကိုယ့်ဘဝကိုယ် တိုးတက်ချင်၊ အောင်မြင်ချင်၊ လိုချင်တာ ရချင်ကြသူတွေချည်းပါပဲ။ ဒါပေမဲ့ ဦးတည်ချက်မရှိလို့၊ ကြိုးစားအားထုတ်မှုမရှိလို့၊ အရေးမကြီးတာတွေနဲ့ အချိန်ဖြုန်းခဲ့ကြလို့ အသက်တွေကြီးလာတဲ့အခါ နောင်တတွေနဲ့ ဖြစ်တတ်ကြပါတယ်။ အဲဒီအချိန်မှာ ဘဝကို နောက်ပြန်လှည့်လို့ မရတော့ပါဘူး။ ငယ်ရွယ်စဉ်ကတည်းက ဘဝကို ရည်မှန်းချက်တွေချပြီး ကြိုးစားခဲ့ကြရင် ကိုယ်လိုချင်တဲ့ အောင်မြင်မှုတွေကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။

## ရည်မှန်းချက်ချမှတ်

ဒီတော့ လက်ရှိပစ္စုပ္ပန်အခြေအနေတွေကနေ တိုးတက်ဖို့ဆိုရင် အနာဂတ်အတွက် ရှင်းလင်းပြီး တိုင်းတာနိုင်တဲ့ရည်မှန်းချက်တွေ ချမှတ်လုပ်ကိုင်ဖို့လိုပါတယ်။ ရည်မှန်းချက်တွေ ချမှတ်ခြင်းဟာ ဘဝအတွက် အလွန်အရေးကြီးတာကို အများအားဖြင့် သိကြပါတယ်။ ဘာကြောင့်လဲဆိုတော့ တိကျပြီး တိုင်းတာနိုင်တဲ့ရည်မှန်းချက်တွေ သတ်မှတ်ထားခြင်းဟာ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းကို တိုးတက်စေပြီး အောင်မြင်မှုတွေရရှိဖို့ အထောက်အကူဖြစ်စေလို့ပါပဲ။ သာမန်အားဖြင့် ရည်မှန်းချက်တွေ ချဖို့ဆိုတာ လွယ်ပါတယ်။ လူတိုင်းလည်း လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ရည်မှန်းချက်တွေ ချမှတ်ရုံနဲ့ ရလဒ်တွေထွက်လာတာမဟုတ်ပါဘူး။ ဆက်ပြီး ကြိုးစားရမှာတွေ အများကြီးရှိပါသေးတယ်။

ရည်မှန်းချက်ချမှတ်တာက ကိုယ်လိုချင်တဲ့ ရလဒ်တွေရဖို့ အစခြေလှမ်းတစ်ခုပဲ ဖြစ်ပါသေးတယ်။ အစကောင်းမှ အနှောင်းသေချာဆိုတဲ့စကားလိုပဲ အစကောင်းဖို့လိုပါတယ်။ ဒါကြောင့် ရည်မှန်းချက်ချမှတ်ခြင်းဟာ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်း တိုးတက်စေဖို့အတွက် အခြေခံအကျဆုံးနဲ့ အရေးအကြီးဆုံးဖြစ်ပါတယ်။ ရည်မှန်းချက် ချမှတ်တယ်ဆိုတာက ကိုယ်ပိုင်ဘဝ ဒါမှမဟုတ် အသက်မွေးဝမ်းကျောင်းကို ပုံဖော်ရုပ်လုံးသွင်းနေတာဖြစ်ပါတယ်။

ရည်မှန်းချက်ချမှတ်ရာမှာ တစ်ဦးနဲ့တစ်ဦး မတူညီနိုင်ပါဘူး။ ကိုယ့်ရဲ့ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ ပရော်ဖက်ရှင်နယ်ကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေး စတဲ့ ကိုယ်စိတ်ဝင်စားရာအလိုက် ရည်မှန်းချက်တွေ ကွဲပြားနိုင်ပါတယ်။ ရည်မှန်းချက်တွေ ဘယ်လိုပဲ ကွဲပြားပါစေ ကိုယ့်ရဲ့ပန်းတိုင်ရောက်ဖို့ အဆင့်ဆင့် ချမှတ်ကြိုးစားရင် ဘဝရည်မှန်းချက်တွေ အောင်မြင်ဖို့ လွယ်ကူသွားပါလိမ့်မယ်။

> **ရေတိုရည်မှန်းချက်တွေထဲမှာဆိုရင် ရေရှည်ရည်မှန်းချက်ကို အထောက်အကူ ဖြစ်စေတဲ့ လုပ်ငန်းပြီးမြောက်အောင်လုပ်တာ၊ အတွေ့အကြုံယူတာ၊ လေ့လာသင်ယူတာမျိုးတွေ ပါဝင်ပါတယ်။ ရေတိုရည်မှန်းချက်ကရလာတဲ့ ပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ အရင်းအနှီး၊ လုပ်ငန်းနယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်စတာတွေဟာ ရေရှည်ရည်မှန်းချက်အတွက် အထောက်အကူတွေဖြစ်ပါတယ်။ သတိပြုရမှာက ရေတိုရည်မှန်းချက်တွေမှာ အချိန်ကြာသွားရင် အဲဒီမှာပဲနစ်မြုပ်သွားတတ်တာ၊ ဝဲလည်နေတတ်တာတွေနဲ့ လက်လျှော့လိုက်ရတာတွေ ဖြစ်တတ်တာမို့ အဓိကဦးတည်ချက်ကို မျက်ခြည်မပြတ်ဘဲ လုပ်ငန်းအဆင့်တိုင်းမှာ အာရုံစူးစိုက်ထားဖို့အရေးကြီးပါတယ်**

## ရေတိုရည်မှန်းချက်

လူတိုင်းမှာ အချို့အရာတွေကို ရယူချင်တဲ့ ဒါမှမဟုတ် အောင်မြင်ချင်လိုတဲ့စိတ်ကူးတွေ၊ အိပ်မက်တွေရှိကြပါတယ်။ အသက်မွေးဝမ်းကျောင်း ဘဝလျှောက်လှမ်းရာမှာ ရည်မှန်းချက်ချမှတ်ခြင်းဟာ စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ မူဘောင်သတ်မှတ်ပေးတာဖြစ်ပါတယ်။ ဒ့ါအပြင် ကိုယ့်ရဲ့စိတ်ကူးအိပ်မက်တွေ လက်တွေ့အကောင်အထည်ဖော်ရာမှာ ရည်မှန်းချက်ချမှတ်ခြင်းက လမ်းကြောင်းတစ်ခုဖြစ်လာစေပါတယ်။ လက်တွေ့ အကောင်အထည်ဖော်ရာမှာလည်း ကိုယ့်ရဲ့ရည်မှန်းချက်တွေကို လတ်တလောရည်မှန်းချက်နဲ့ ရေရှည်ရည်မှန်းချက်ဆိုပြီး အဆင့်တွေ သတ်မှတ်အကောင်အထည်ဖော်နိုင်ပါတယ်။

လတ်တလောရည်မှန်းချက် ဒါမှမဟုတ် ကာလတိုရည်မှန်းချက်ဟာ ရေရှည်ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ကြားခံရည်မှန်းချက်တွေ ဖြစ်ပါတယ်။ အမြင့်ဆုံးကိုရောက်ဖို့ လှေကားထစ်တစ်ထစ်ခြင်း တက်ရသလိုပါပဲ။ လှေကားထစ်တစ်ထစ်ခြင်းအောင်မြင်မှ အမြင့်ဆုံးဖြစ်တဲ့ အန္တိမရည်မှန်းချက်ကို ရရှိမှာပါ။ ဒါကြောင့် ရေတိုရည်မှန်းချက် သတ်မှတ်ရာမှာ အချိန်တိုသတ်မှတ်ကာလအတွင်းဖြစ်ဖို့လိုပါတယ်။

ရေတိုရည်မှန်းချက်တွေထဲမှာဆိုရင် ရေရှည်ရည်မှန်းချက်ကို အထောက်အကူဖြစ်စေတဲ့ လုပ်ငန်းပြီးမြောက်အောင်လုပ်တာ၊ အတွေ့အကြုံယူတာ၊ လေ့လာသင်ယူတာမျိုးတွေ ပါဝင်ပါတယ်။ ရေတိုရည်မှန်းချက်က ရလာတဲ့ ပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ အရင်းအနှီး၊ လုပ်ငန်းနယ်ပယ်၊ လူမှုဆက်ဆံရေးနယ်ပယ်စတာတွေဟာ ရေရှည်ရည်မှန်းချက်အတွက် အထောက်အကူတွေဖြစ်ပါတယ်။ သတိပြုရမှာက ရေတိုရည်မှန်းချက်တွေမှာ အချိန်ကြာသွားရင် အဲဒီမှာပဲနစ်မြုပ်သွားတတ်တာ၊ ဝဲလည်နေတတ်တာတွေနဲ့ လက်လျှော့လိုက်ရတာတွေ ဖြစ်တတ်တာမို့ အဓိကဦးတည်ချက်ကို မျက်ခြည်မပြတ်ဘဲ လုပ်ငန်းအဆင့်တိုင်းမှာ အာရုံစူးစိုက်ထားဖို့အရေးကြီးပါတယ်။

## ရေရှည်ရည်မှန်းချက်

ရေရှည်ရည်မှန်းချက်တွေကတော့ အများအားဖြင့် ကိုယ့်ဘဝ၊ ကိုယ့်အသက်မွေးဝမ်းကျောင်းမှာ အောင်မြင်ဖို့ အန္တိမပန်းတိုင်တွေ ဖြစ်ကြပါတယ်။ အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ချင်တာ၊ ထူးချွန်ထက်မြက်တဲ့ပညာရှင်ဖြစ်ချင်တာ၊ ကမ္ဘာ့ထိပ်တန်းအားကစားသမားဖြစ်ချင်တာ စတာတွေဟာ ရေရှည်ရည်မှန်းချက်တွေဖြစ်ကြပါတယ်။ အဲဒီရေရှည်ရည်မှန်းချက်တွေ အောင်မြင်ဖို့ဆိုတာ နတ်ရေကန်ထဲ ပစ်ချလိုက်သလို မျက်စိအောက်မှာ ဘွားခနဲဖြစ်လာတာမဟုတ်ပါဘူး။ အောင်မြင်နေတဲ့သူတိုင်းဟာ အနိမ့်အမြင့်အဆင့်ဆင့်ကို ဖြတ်သန်းပြီးမှ အဲဒီနေရာကို ရောက်ခဲ့ကြရတာပါ။ သူတို့ဘဝတစ်လျှောက်မှာ ကြုံခဲ့ရတဲ့ဆုံးရှုံးမှု၊ လဲကျမှုတွေ ဆိုတာတွေက အိုးကောင်းရဖို့ နာနာအရိုက်ခံရသလိုပါပဲ။ အောင်မြင်သူတွေဟာ သူတို့ကျရှုံးခဲ့ရတာတွေနဲ့ပတ်သက်လို့ သောမတ်စ်အယ်ဒီဆင်ရဲ့ စကားက နမူနာယူစရာပါ။ "I have not failed. I've just found 10,000 ways that won't work." "ကျွန်တော်ကျရှုံးခဲ့တာ မဟုတ်ပါဘူး၊ အလုပ်မဖြစ်တဲ့နည်းလမ်း ၁၀၀၀၀ ကို တွေ့ခဲ့တာပါ" လို့ ဆိုပါတယ်။ ဒါဟာ အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ခိုင်မာတဲ့စိတ်သဘောထားပါပဲ။ ဒီတော့ ကိုယ့်ရဲ့ရေရှည်ရည်မှန်းချက်တွေကိုရဖို့နဲ့ ကိုယ့်ရဲ့ခရီးလမ်းတစ်လျှောက်အောင်မြင်ဖို့ နောက်ဆုံးအဆင့်ကို မရောက်မချင်း တစ်ဆင့်ချင်း ဖွဲကြီးကြီးနဲ့ တက်နိုင်ဖို့လိုပါတယ်။

အဲဒီတစ်ဆင့်ချင်းစီမှာ ကိုယ်မြှင့်တင်လိုတဲ့ ကျွမ်းကျင်မှုတွေ ဒါမှမဟုတ် ကိုယ်နှစ်သက်တဲ့ ဝါသနာတွေမှာ အတွေ့အကြုံတွေယူထားမယ်ဆိုရင် ကိုယ့်ရဲ့စိတ်ဝင်စားမှုတွေ မြင့်မားစေတာမို့လို့ ပရော်ဖက်ရှင်နယ်ဘဝအဖြစ် လွယ်လွယ်ကူကူ ကူးပြောင်းနိုင်ပါတယ်။ ပရော်ဖက်ရှင်နယ်ဘဝမှာဆိုရင်လည်း ကိုယ်ရည်မှန်းထားတဲ့အရာတွေအတွက် အချိန်ပိုပေးဖို့လိုပါတယ်။ ဒါမှ အလုပ်နဲ့ဘဝ ဟန်ချက်ကို မျှအောင်ထိန်းသိမ်းရာမှာဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှာဖြစ်ဖြစ် အာရုံစူးစိုက်မှုနဲ့တက်ကြွမှု ပိုပြီးရရှိစေပါတယ်။

## အခြေခံလိုအပ်ချက်

ရည်မှန်းချက်တွေဟာ လုပ်ငန်းတစ်ခု သို့မဟုတ် ဘဝအတွက် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရည်မှန်းချက်တွေက ဦးတည်ချက်၊ လှုံ့ဆော်မှု၊ ရှင်းလင်းတဲ့အာရုံစူးစိုက်မှုနဲ့ အရေးပါမှုတွေကို ရရှိစေပါတယ်။ ရည်မှန်းချက်တွေ ချမှတ်ခြင်းဖြင့် ကိုယ်ဘယ်ကိုဦးတည်နေသလဲဆိုတာကို သိရှိစေပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ ရည်မှန်းချက်တွေ ချမှတ်ရာမှာ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ချမှတ်မလဲဆိုတာ အရေးကြီးပါတယ်။ ကိုယ့်ကိုအထိရောက်ဆုံးလမ်းညွှန်ပေးနိုင်တဲ့ ရည်မှန်းချက်တွေ ချမှတ်ရာမှာ ချိန်ထိုးစဉ်းစားနိုင်တဲ့အချက်တွေရှိပါတယ်။ အဲဒါကတော့ အားလုံးသိပြီးဖြစ်ကြတဲ့ SMART Goals အယူအဆပါပဲ။ SMART Goals မှာ specific, measurable, achievable, Realistic and Timely တို့ပါဝင်ပါတယ်။

(၁) **တိကျသော** (specific) – ကိုယ့်ရဲ့ရည်မှန်းချက်ကို တတ်နိုင်သမျှ ရှင်းလင်းပြီး အသေးစိတ်လုပ်ဖို့လိုပါတယ်။ ရည်မှန်းချက်ရှင်းလင်းတိကျတာနဲ့အမျှ လုပ်ဆောင်မှုကို အထိရောက်ဆုံးပံ့ပိုးပေးနိုင်ပါတယ်။

(၂) **တိုင်းတာနိုင်သော** (measurable) – အောင်မြင်မှုကို ဘယ်လိုတိုင်းတာမလဲဆိုတာကို သတ်မှတ်ဖို့ဖြစ်ပါတယ်။

(၃) **အောင်မြင်နိုင်သော** (achievable) – ရည်မှန်းချက်တွေ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိ စစ်ဆေးဖို့ဖြစ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင်ကို ကျိုးကြောင်းဆီလျော်တဲ့ အချိန်အတိုင်းအတာတစ်ခုအတွင်း ပြီးမြောက်အောင် သတ်မှတ်ခြင်းဟာ ကိုယ့်ရဲ့စိတ်အားထက်သန်မှုနဲ့ အာရုံစူးစိုက်မှု ရရှိစေပါတယ်။ ရည်မှန်းချက်ဖြစ်နိုင်ခြေ ရှိ၊ မရှိ စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့် ပိုမိုကြီးမားတဲ့နောက်ဆုံးပန်းတိုင်မရောက်မီ သေးငယ်တဲ့ ရေတိုပန်းတိုင်တွေ ချမှတ်ပြီး လုပ်ဆောင်ခြင်းဖြင့် ပိုမိုရှင်းလင်းလွယ်ကူစေပါတယ်။

(၄) **လက်တွေ့ကျသော** (Realistic) – ကိုယ်ချမှတ်ထားတဲ့ ရည်မှန်းချက်တွေဟာ ကိုယ်နဲ့လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့် ကိုယ့်ရည်မှန်းချက်ဟာ လက်တွေ့ကျတဲ့ မျှော်မှန်းချက်ဖြစ်ဖို့လိုပါတယ်။ ရည်မှန်းချက်တိုင်းဟာ ကိုယ်နဲ့ ဆီလျော်ပြီး ကိုယ့်အတွက်အဓိပ္ပာယ်ရှိနေမှ ရည်မှန်းချက်ကို တစိုက်မတ်မတ် ဦးတည်နေနိုင်ပါလိမ့်မယ်။

(၅) **အချိန်ဇယားသတ်မှတ်ခြင်း** (Timely) – ရည်မှန်းချက်ကို ရောက်ဖို့ အချိန်ဇယားရေးဆွဲခြင်းဟာ စိတ်အားထက်သန်မှုနဲ့ အချိန်မီပြီးစီးဖို့ အထောက်အကူဖြစ်စေပါတယ်။ ရည်မှန်းချက်ကြိုးပမ်းရာမှာ ကြုံတွေ့လာနိုင်တဲ့ အခက်အခဲတွေကိုတော့ အချိန်ဇယား မသတ်မှတ်ခင် လေ့လာထားဖို့လိုပါမယ်။ ဒါမှသာ သတ်မှတ်ချိန်အတွင်း ရည်မှန်းတဲ့အတိုင်း ရရှိပါလိမ့်မယ်။ နောက်ပြီး အချိန်ဇယားအတိုင်း ရည်မှန်းချက် မအောင်မြင်ခဲ့ရင် ကိုယ့်ရဲ့ရည်မှန်းချက်ဟာ လက်တွေ့ကျပြီး အောင်မြင်နိုင်မှုရှိ၊ မရှိနဲ့ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေကို ပြန်လည်သုံးသပ်ဖို့လိုပါမယ်။ **စာမျက်နှာ ၁၁ သို့** ✡

# ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ချမ်းမြေ့ဇေယျာသာမဏေကျော် တက္ကသိုလ်၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ဥဿာသီရိစာသင်တိုက်၊ သာသနဒ္ဓပါလကျောင်းတိုက်တို့မှ ဆရာတော်၊သံဃာတော် အပါး ၁၆၀ တို့က လာရောက်ဖူးမြော် ကြည်ညိုကြသည်။

**လေ့လာကြည့်ရှု**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ ဘုရားဖူးလာဆရာတော်၊ သံဃာတော်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြသည်။

ထို့နောက်ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနဒ္ဓဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ လာရောက် ဖူးမြော်ကြည်ညိုကြသည့် ဆရာတော်၊ သံဃာတော်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားထားကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း (တောင်ငူ)မှ အရာရှိ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၇၉ ဦးတို့ မတ် ၈ ရက် နံနက်ပိုင်းတွင် အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၌ (စတုတ္ထ)အကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းစဉ်။



**သတင်းစဉ်**

# တီးတိန်မြို့၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**တီးတိန် မတ် ၈**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၄ ခုနှစ် မတ် ၁၁ ရက်တွင် စတင်ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းလွှာများ သယ်ယူထိန်းသိမ်းပို့ဆောင်ရေးများ၊ ရပ်ဝေးမှ လာရောက်တည်းခိုဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ နေထိုင်မှု အဆင်ပြေစေရေး၊ စာမေးပွဲဖြေဆိုမည့်နေ့ရက်များတွင် ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်အေးချမ်းစွာ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်ကာ စာစစ်ဌာနနှင့် အနီးတစ်ဝိုက်တွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိရေး၊ ကျောင်းသားကျောင်းသူများလုံခြုံရေးနှင့် ကျေးရွာများမှ လာရောက်ဖြေဆိုကြမည့်သူများ တည်းခိုနေထိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မိုးမိုး**

✡ စာမျက်နှာ ၁၀ မှ

အထက်ကအချက် ငါးချက်ဟာ ရည်မှန်းချက်တစ်ရပ်ချမှတ်ရာမှာ အခြေခံအသုံးပြုနိုင်တဲ့အချက်တွေဖြစ်ပါတယ်။ ဒါပေမဲ့ သတိပြုဖို့က ဘယ်ရည်မှန်းချက်ပန်းတိုင်ကိုမဆို အောင်မြင်ဖို့အတွက် လူတိုင်းနဲ့သင့်တော်တဲ့ အကြွင်းမဲ့နည်းလမ်းဆိုတာမရှိပါဘူး။ ကိုယ့်ရဲ့အားသာချက်၊ အားနည်းချက်၊ ပတ်ဝန်းကျင်ရဲ့အခြေအနေ၊ အချိန်အခါ၊ အကြောင်းအရာ၊ အသုံးပြုမယ့်နည်းလမ်း စတာတွေအပေါ်မူတည်ပြီး ပြောင်းလဲအသုံးပြုရတာတွေ ရှိပါတယ်။

## ကိုယ့်ကိုယ်ကိုယ်ပြောင်းလဲပါ

လူတိုင်းလိုလိုမှာ ပညာ၊ ငွေကြေး၊ ဂုဏ်သိက္ခာ၊ ချစ်စရာမိသားစု၊ စွန့်စားရတဲ့အလုပ် စတဲ့ လိုလားချက်တစ်ခုခုမှာ အောင်မြင်လိုတဲ့အိပ်မက်တွေ ရှိကြပါတယ်။ ဒါပေမဲ့ ဖြစ်တတ်ကြတာက အိပ်မက်တွေရှိကြပေမယ့် အဲဒီအိပ်မက်တွေကို လက်တွေ့အဖြစ်ပြောင်းဖို့ ကိုယ့်ကိုယ်ကိုယ် ကန့်သတ်ထားကြခြင်းဖြစ်ပါတယ်။ တိကျရှင်းလင်းတဲ့ရည်မှန်းချက် မချမှတ်နိုင်တာ ဒါမှမဟုတ် လုံလောက်တဲ့ ကြိုးစားအားထုတ်မှုမရှိတာတွေကြောင့် အိပ်မက်တွေဟာ လက်တွေ့ရလဒ်အဖြစ်ကို ရောက်မလာကြတာများပါတယ်။

ရည်မှန်းချက်တွေဟာ စိတ်ကူးတွေက အစပြုတာမှန်ပေမယ့် အဲဒီစိတ်ကူးတွေကို လက်တွေ့မကြိုးစားသရွေ့ ရည်မှန်းချက်အဖြစ် မပြောင်းလဲနိုင်ပါဘူး။ ဒီအတွက် ရည်မှန်းချက်ကို ရောက်အောင်သွားမယ်ဆိုတဲ့ စိတ်ဆန္ဒနဲ့ ကြိုးစားအားထုတ်မှု လိုအပ်ပါတယ်။ ကိုယ်ဖြစ်ချင်တဲ့၊ ကိုယ်လိုချင်တဲ့ ရည်မှန်းချက်တွေဆိုတာ သူ့အလိုလို ရောက်မလာကြပါဘူး။ ဆုတောင်းနေရုံနဲ့လည်း မရနိုင်ပါဘူး။ လုံလောက်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်ရပါတယ်။ ဒါကြောင့် ရည်မှန်းချက်ကို ရောက်ဖို့ ဖြတ်သန်းရမယ့်အဆင့်တိုင်းအတွက် အသင့်ဖြစ်နေဖို့ ပြင်ဆင်နေကြရမှာပါ။ စိတ်ခွန်အားဖြစ်စေတဲ့ စာအုပ်တွေဖတ်တာ၊ အောင်မြင်နေတဲ့သူတွေကို အတုယူတာ၊ ကိုယ့်အရည်အချင်းတွေကို မြှင့်တင်နေတာ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပြည့်ဝနေတာ၊ ရည်မှန်းချက်အတွက် တစိုက်စိုက်မတ်မတ်ကြိုးစားနေတာ ဆိုတာတွေဟာ အောင်မြင်နေသူတိုင်းမှာ တွေ့ရတဲ့ အားသာချက်တွေ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ့်ရဲ့နေ့စဉ်လုပ်ဆောင်ချက်တွေဟာ ရည်မှန်းချက်တွေဆီကို ဦးတည်နေဖို့ လိုပါတယ်။ ကိုယ့်ရဲ့ရည်မှန်းချက်စာရင်းမှာ ဒီကနေ့၊ မနက်ဖြန်၊ နောက်တစ်ပတ်၊ နောက်တစ်လ၊ နောက်တစ်နှစ်တွေမှာ အပြီးသတ်ရမယ့်အရာတွေ ပါနေရပါမယ်။ အဲဒီလုပ်ဆောင်စရာစာရင်းတွေကို လက်တွေ့ရလဒ်အဖြစ် ပြောင်းလဲခြင်းဖြင့် နောက်ထပ်လုပ်ဆောင်မှုတွေ တိုးတက်လာပြီး အောင်မြင်တဲ့အရသာကို ခံစားနိုင်ပါတယ်။ ဒါပေမဲ့ ကိုယ်လုပ်ချင်တဲ့အရာတွေကို စဉ်းစားတွေးတောပြီး အလုပ်ပြီးအောင် လုပ်ဖို့ဆိုတာ ထင်သလောက်မလွယ်ကူ၊ မရိုးရှင်းပါဘူး။ များစွာသောကန့်သတ်ချက်တွေ၊ အခက်အခဲတွေ၊ အတားအဆီးတွေကြားက လုပ်ဆောင်ရတာတွေ ရှိပါတယ်။ ဘယ်လိုပဲအခက်အခဲတွေရှိနေပါစေ အောင်မြင်တိုးတက်လိုတဲ့ သန္နိဋ္ဌာန်စိတ်၊ ခိုင်မာတဲ့ဇွဲရှိရင် အရာရာကို ရင်ဆိုင်ဖြေရှင်းနိုင်ပါတယ်။ ဒါကြောင့် ရည်မှန်းချက်တွေဆီအရောက်သွားဖို့ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးပြောင်းလဲပြီး စတင်နိုင်ဖို့လိုပါတယ်။

## ပထမဆုံးခြေလှမ်း

မိုင်ပေါင်းများစွာခရီးကို ခြေတစ်လှမ်းနဲ့ စတင်ရသလိုပါပဲ။ ရည်မှန်းချက်ကို ရောက်မယ့်အဆင့်တိုင်းကို ဖြတ်ကျော်ဖို့ ပထမဆုံးခြေလှမ်း စတင်နိုင်ဖို့လိုပါတယ်။ ဒီအတွက် အချိန်မဆွဲဖို့ အရေးကြီးပါတယ်။ အရာအားလုံးမှန်ကန်တဲ့အထိ၊ ပြည့်စုံတဲ့အထိ စောင့်မျှော်နေရင် ဘယ်တော့မှ စတင်နိုင်မှာမဟုတ်ပါဘူး။ ပထမဆုံးခြေလှမ်းဟာ အမြဲတမ်းအခက်ခဲဆုံးဖြစ်တတ်ပေမယ့် ပထမဆုံးခြေလှမ်းဟာ ရှေ့ဆက်သွားဖို့ ကိုယ့်အတွက် ခွန်အားဖြစ်စေပြီး တွန်းအားတွေရရှိစေပါတယ်။ ကိုယ့်ရဲ့ခြေလှမ်းတိုင်းမှာ လွယ်တာတွေ၊ ခက်ခဲတာတွေဆိုတာ ကြုံတွေ့ရမှာပါ။

စင်းလုံးချောအဆင်ပြေဖို့ဆိုတာ လူတစ်ရာမှာ တစ်ယောက်မရှိနိုင်ပါဘူး။ အများအားဖြင့် တွေ့ရတာက ပထမဆုံးခြေလှမ်းစတင်ဖို့ အချိန်ရွှေ့နေကြတယ်၊ ညည်းတွားနေကြတယ်၊ မဖြစ်နိုင်ပါဘူးဆိုပြီး စိုးရိမ်ပူပန်နေကြတယ်၊ ကျရှုံးမှာကြောက်နေကြတယ်၊ ဆင်ခြေနဲ့အကြောင်းပြချက်တွေ ရှာနေကြတယ်၊ အားကိုးရာရှာနေကြတယ်ဆိုတာတွေဟာ စတင်လျှောက်လှမ်းဖို့အတွက် အကြီးမားဆုံးအတားအဆီးတွေဖြစ်ပါတယ်။ ရည်မှန်းချက်ဆီကိုပဲ အာရုံစိုက်ပြီး ကိုယ့်ရဲ့စိတ်လှုပ်ရှားမှုနဲ့ စိတ်အားထက်သန်မှုကို ထိန်းသိမ်းထားဖို့ လိုပါတယ်။ ဒါမှဆက်ပြီး ခရီးစတင်နိုင်မှာပါ။ အထူးသဖြင့် ပထမဆုံးခြေလှမ်းလှမ်းဖို့တောင်မှ ခက်ခဲနေမယ်ဆိုရင် နောက်ထပ်ခြေလှမ်းတွေဆိုတာ မရှိနိုင်ပါဘူး။

## နေ့စဉ်အလုပ်တစ်ခုလုပ်ပါ

ကိုယ့်ရည်မှန်းချက်အတွက် အချိန်တိုင်းဟာ အရေးပါတာမို့ ရည်မှန်းချက်ကို ရောက်စေမယ့် အလုပ်တစ်ခုကို မဖြစ်မနေ နေ့စဉ်ပြုလုပ်ဖို့လိုပါတယ်။ လူတိုင်းမှာ ရည်မှန်းချက်တွေရှိနိုင်ပေမယ့် ရည်မှန်းချက်ကိုတော့ လူတိုင်းမရောက်ကြပါဘူး။ ဒါဟာ ရည်မှန်းချက်ကို ရယူချင်စိတ်သာရှိပြီး ရည်မှန်းချက်ရောက်ဖို့ အာရုံစူးစိုက်မှုနဲ့ ကြိုးစားအားထုတ်မှုကွာခြားလို့ပဲဖြစ်ပါတယ်။ ရှင်ဒိသာပါမောက္ခဟာ နေ့စဉ် တံပူတစ်ထောက်စာ သတ်မှတ်ပြီး လေ့လာဆည်းပူးခဲ့လို့ ကျမ်းဂန်တတ်ဆရာတော်တစ်ပါးဖြစ်ခဲ့ပါတယ်။

နေ့စဉ်နေ့တိုင်းဟာ ကိုယ့်ရည်မှန်းချက်ဆီ ရွေ့နေတဲ့အချိန်တွေ ဖြစ်ဖို့လိုပါတယ်။ နေ့စဉ်ကြိုးပမ်းရင်း ကိုယ်ကြုံတွေ့ရတဲ့ အခက်အခဲတိုင်းကို သင်ယူဖို့နဲ့ တိုးတက်ဖို့အတွက် အခွင့်အလမ်းအဖြစ် ရှုမြင်မယ်ဆိုရင် အဲဒီအတွေ့အကြုံတွေက ရှေ့ခရီးအတွက် အထောက်အကူတွေဖြစ်လာပါလိမ့်မယ်။ နေ့စဉ်နှင့်အမျှ ရည်မှန်းချက်ကို အာရုံစူးစိုက်လုပ်ဆောင်ခြင်းဖြင့် နောက်ပိုင်းမှာ အလေ့အကျင့်တစ်ခုဖြစ်လာပါလိမ့်မယ်။ နေ့စဉ် အလုပ်တစ်ခုလုပ်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ်ညာနေ၊ ညှာနေ၊ ဆင်ခြေပေးနေခြင်းဟာ စိတ်အားထက်သန်မှုနဲ့ ဇွဲရှိမှုကို လျော့ကျစေပါတယ်။

## လက်ရှိအချိန်အကောင်းဆုံး

အနာဂတ်တွေဆိုတာ ဒီနေ့က စတင်ပါတယ်၊ မနက်ဖြန်မှ မဟုတ်ပါဘူးလို့ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်ရဲ့စကားက လက်ရှိအချိန်ရဲ့တန်ဖိုးကို ဖော်ပြနေပါတယ်။ အတိတ်ဆိုတာ ကိုယ်မပိုင်တော့သလို မနက်ဖြန်ဆိုတာကလည်း မရောက်သေးလို့ ကိုယ်ပိုင်တယ်လို့ ပြောလို့မရပါဘူး။ ကိုယ်သေချာပိုင်နိုင်တာက လက်ရှိအချိန်ပါပဲ။ လက်ရှိအချိန်ကို အကောင်းဆုံး ဘယ်လိုအသုံးချနိုင်သလဲဆိုတာအပေါ်မူတည်ပြီး အနာဂတ်တွေက ပုံပေါ်နေမှာပါ။ ဒီတော့ ကိုယ်ကျင်လည်မယ့်နယ်ပယ်မှာ ထိပ်ဆုံးရောက်ရှိဖို့ ဒါမှမဟုတ် ကိုယ့်ရည်မှန်းချက်တွေရရှိဖို့အတွက် ဒီကနေ့ဘယ်လိုဆုံးဖြတ်ချက်တွေ ချမလဲ၊ ရည်မှန်းချက်ရောက်မယ့်အဆင့်တွေ ဘယ်လိုလုပ်ဆောင်မလဲဆိုတာ အခုပဲစတင်အကောင်အထည်ဖော်ဖို့လိုပါတယ်။

ဒီလုပ်ရပ်တစ်ခုက ကိုယ့်ဘဝတစ်ခုလုံးရဲ့ ဦးတည်ရာကို ပြောင်းလဲသွားစေပြီး အနာဂတ်ဘဝကို အကောင်းဆုံးပုံဖော်နိုင်ပါလိမ့်မယ်။ ။

**ကိုးကား**

၁။ https://www.indeed.com/career-advice/career-development/setting-goals-to-improve-your-career

၂။ https://thewrightinitiative.com/misc/how-can-i-reach-my-goal.html

၃။ https://corporatefinanceinstitute.com/resources/management/smart-goal/

# ဒုတိယဝန်ကြီးဦးရဲတင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်အားပေး

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြဝတီစင်တာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က နှုတ်ခွန်းဆက် မုဒိတာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးရဲတင့်က (၇၈)နှစ်မြောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ခွင့်ရ၍ ကြည်နူးဝမ်းမြောက်မိပါကြောင်း၊ ၁၉၄၆ ခုနှစ် မတ် ၈ ရက်သည် ရုပ်ရှင်နှင့်ပြဇာတ် စတင်ပေါ်ပေါက်ခဲ့သော နေ့ရက်ကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မွေးနေ့အဖြစ် ယနေ့တွင် စတင်ကျင်းပခြင်းသည် ကောင်းမွန်သော အစဉ်အလာကောင်းတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် ငွေရတုကာလဖြစ်သော ၁၉၄၆ ခုနှစ်မှ ၁၉၆၉ ခုနှစ် ကာလအထိ၊ ရွှေရတုကာလဖြစ်သော ၁၉၆၉ ခုနှစ်မှ ၁၉၉၃ ခုနှစ် အထိ၊ စိန်ရတုကာလဖြစ်သော ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိနှင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံရုပ်ရှင်ရာပြည့်အခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာ့ရုပ်ရှင်လောကသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ရုပ်ရှင်ဖြင့် တိုင်းပြည်နှင့်လူမျိုးကို အလုပ်အကျွေးပြုခဲ့မှု၏ မှတ်တမ်းပုံရိပ်များကို ဂုဏ်ယူစွာတွေ့မြင်ရပါကြောင်း။

မြန်မာ့ရုပ်ရှင်ဖြတ်သန်းခဲ့မှုသည် (၇၈) နှစ်သို့တိုင်ရောက်ရှိခဲ့ပြီဖြစ်ပြီး ရုပ်ရှင်သည် ပြည်သူ့အတွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ရုပ်ရှင်လောကသားများ အချင်းချင်း စည်းလုံးချစ်ကြည်မှုနှင့် နိုင်ငံတော်ကို အကျိုးပြုခဲ့သည့် အစဉ်အလာကောင်းတို့သည် လေးစားဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိုခါမုန်တိုင်း ထောက်ပံ့ကူညီမှုတွင်လည်း အနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ခဲ့မှုသည် နိုင်ငံ့အကျိုးနှင့် ပြည်သူ့အကျိုးအဖြစ် ဂုဏ်ယူဖွယ်တွေ့မြင်ရပါကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရုပ်ရှင်အစည်းအရုံးနှင့် လောကသားများကို ယုံကြည်အားကိုးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်အကြီးအကဲက ရုပ်ရှင်လောကသားများ ပြန်လည်ရှင်သန်နိုင်ရန် လမ်းညွှန်မှုနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်က မြန်မာ့ရုပ်ရှင်၏ စည်းလုံးညီညွတ်ခဲ့မှုကို ထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာ့ရုပ်ရှင်အစည်းအရုံးဖြစ်ပေါ်လာပုံနှင့် မြန်မာ့ရုပ်ရှင်အစည်းအရုံးအဆောက်အအုံများပေါ်ထွန်းရန် ကြိုးပမ်းခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်များ၊ အစည်းအရုံးဝင်များနှင့် အနုပညာရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုစကားများ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကကြီးမှူးကျင်းပသည့် ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စိစစ်ရွေးချယ်ရေးအဖွဲ့အတွင်းရေးမှူး ဒါရိုက်တာ ဦးဇော်မြင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုရရှိသည့် ဇာတ်လမ်းတို ၁၀ ကားအား ဦးနှင်းမိုး၊ ဦးဇော်မင်းနှင့် ဦးရန်အောင်တို့က ဂုဏ်ပြုအထူးဆုများ ပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ (၇၈) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက စကားဝိုင်းအဖြစ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးဦးမြင့်စိုး ရှုရှားနေကြာမျိုးနှင့် သဘာဝမြေဩဇာသုံး လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ နေကြာစိုက်ခင်း ကြည့်ရှု

နေပြည်တော် မတ် ၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကွေ့ကြီးကျေးရွာနှင့် ဝဲကြီးကျေးရွာတို့မှ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအနေဖြင့် မိမိတို့ကျေးရွာများရှိ စိုက်ခင်းများတွင် ပန်းဂေါ်ဖီဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ပြောင်းဖူးသီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး အာဟာရသုခဈေးသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ သမဝါယမအသင်းများမှ အသင်းသားတောင်သူများ၏ ထွက်ကုန်သီးနှံများ ရောင်းချနေမှုကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက အဆင်ပြေချောမွေ့မှု ရှိ၊ မရှိ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံသုံး စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ပြီး ရှုရှားသဘာဝမြေဩဇာ အသုံးပြုစိုက်ပျိုးထားသည့် နွေစပါးစမ်းသပ်စိုက်ခင်း သုည ဒသမ ခုနစ်ဧက စိုက်ခင်း၊ ရှုရှားသဘာဝမြေဩဇာအသုံးပြု၍ ထိုင်းအစေ့ထုတ်ပြောင်းမျိုး GT-822 ၂ ဒသမ ၉၇ ဧက စိုက်ပျိုးထားမှု၊ တိရစ္ဆာန်အစာပြောင်းချဉ်ဖတ် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြောင်းစိုက်ခင်း ရေသွင်းရမည့်ကိစ္စနှင့် အခြားလိုအပ်ချက်များ မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ သွားရောက်၍ ရွှေဝါထွန်း (၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ အသင်းပိုင်မြေ ခုနစ်ဧကတွင် ရှုရှားနေကြာမျိုးများဖြစ်ကြသော Excellent ၊ Bravo ၊ Norma မျိုး ၄ ဒသမ ၈၃ ဧကနှင့် မြန်မာနေကြာမျိုးများဖြစ်ကြသော ရေဆင်းစပ်မျိုး-၇ နှင့် ဆင်းရွှေကြာ-၂ မျိုး ၂ ဒသမ ၁၇ ဧက စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ နေကြာစိုက်ခင်းများကို မတ် ၁၈ ရက်တွင် ပဌမအကြိမ်အဖြစ် ရှုရှားသဘာဝမြေဩဇာများ ဖျန်းပက်မည်ဖြစ်ပြီး ဧပြီလ ပထမပတ်တွင် စိုက်ခင်းအားလုံး ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ်သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည် ဖြစ်ပါသည်။ ပြန်ကြားရေး ဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင် များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်းနှစ်အုပ်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသား မှတ်တမ်း များ မော်ကွန်းတိုက် ဦးစီးဌာနသို့ တစ်အုပ်ပေးပို့လျက်ရှိသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်သည်။

ယခုအခါ အောက်ဖော်ပြပါ ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁ | ခွင်ကြွဲပွဲ<br>Khaung cawi ni (ချင်းဘာသာ) | ကေ(တောင်တန်းပြာ) | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၂ | သုတေသနဟူသည်(တတိယအကြိမ်) | ဒေါက်တာအောင်မြင့်ဦး | ဒေါ်ခင်ဆွေဦး<br>ပညာရပ်ဝန်းစာပေ |
| ၃ | လုပ်ငန်းခွင် စာရင်းကိုင် အထူးထုတ် | ဆရာငြိမ်းချမ်းအောင် | ဦးကျော်သီဟ<br>IT Computer Training Center |
| ၄ | မိုင်းဘုန်းဆရာတော်နှင့် ထူးခြားသည့် စံကားဝါသား ဆင်းတုတော်များ | သီပေါ(ကိုလတ်) | ဦးမျိုးဆင့်<br>ရှင်မတောင်စာပေ |
| ၅ | ခေါက်ထီးလေးတစ်လက်နှင့် မဂ္ဂဇင်းဝတ္ထုစုစည်းမှု | တက္ကသိုလ်စိုးစံ<br>စီစဉ်သည် | ဦးမျိုးဆင့်<br>ရှင်မတောင်စာပေ |
| ၆ | ကျွန်မသတင်းသမား ဘဂ္ဂဒက်မှာ ၁၀၁ ရက်ကြာ | နေဦးဝေ | ဦးနေဝင်း<br>ဘဝတက္ကသိုလ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့

# ယခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်အကိုင်ရရှိမှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာ

**မနီလာ မတ် ၈**

ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်အကိုင်ရရှိမှုနှုန်းသည် ယမန်နှစ် ဒီဇင်ဘာလတွင် ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် ဇန်နဝါရီတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့ အကြီးအကဲ ဒန်နစ်မာပါက ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံသား ၂ ဒသမ ၁၅ သန်း အလုပ်အကိုင်ရရှိခဲ့ကြောင်း ယနေ့ကျင်းပသည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သို့သော် ယခုနှစ်ဇန်နဝါရီလအတွင်း အလုပ်အကိုင်ရရှိမှုသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အလုပ်အကိုင်ရရှိမှုနှုန်းထက် လျော့နည်းကြောင်း ၎င်းက ပြောကြားသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အလုပ်အကိုင်ရရှိမှုသည် ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ပိုမိုကောင်းမွန်သော မူဝါဒနှင့် စည်းကမ်းထိန်းသိမ်းရေးပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အလုပ်အကိုင်ဖန်တီးပေးသည့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့အတွင်းဝန် အာဆန်နီယိုဘာလီဆာကန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

လုပ်သားဈေးကွက်အတွင်း ကျွမ်းကျင်မှုမတူညီမှုများကို ဖြေရှင်းရန်အတွက် အစိုးရက စက်မှုလုပ်ငန်း အကယ်ဒမီနှင့် အစိုးရကဏ္ဍတို့အကြား ချိတ်ဆက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဘာလီဆာကန်က ထပ်လောင်း ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# အိန္ဒိယအစိုးရက ဉာဏ်ရည်တုနည်းပညာ စီမံချက်များတွင်သုံးစွဲရန် ရန်ပုံငွေ ကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံအတည်ပြု

**နယူးဒေလီ မတ် ၈**

အိန္ဒိယအစိုးရက နိုင်ငံအတွင်း ဉာဏ်ရည်တုနည်းပညာ စီမံချက်များတွင် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေ ကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ အတည်ပြုခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ပြီးပြည့်စုံသည့် အမျိုးသားအဆင့် အိန္ဒိယဉာဏ်ရည်တု နည်းပညာစီမံချက်တွင်သုံးစွဲရန် ၎င်းရန်ပုံငွေကို ဝန်ကြီးချုပ်မိုဒီ ဦးဆောင်သည့် အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

အဆိုပါဉာဏ်ရည်တု နည်းပညာစီမံချက်တွင် ပြီးပြည့်စုံသည့် ဉာဏ်ရည်တုနည်းပညာ ဂေဟစနစ်အား ဉာဏ်ရည်တုနည်း ပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများနှင့်အတူ ပြည်သူနှင့် ပုဂ္ဂလိကပူးပေါင်း၍ ကဏ္ဍများခွဲကာ စီမံဆောင်ရွက်မည်ဖြစ်သည်။

ယခုဆောင်ရွက်မည့်ဉာဏ်ရည်တုနည်းပညာစီမံချက်အရ ဉာဏ်ရည်တုနည်းပညာ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအပါအဝင် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး တာဝန်ယူမှုရှိသော အိန္ဒိယဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကိုတည်ထောင်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းစီမံချက်အရ နည်းပညာကျွမ်းကျင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**






# တူရကီယဲနိုင်ငံက လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ တင်ဆောင်သည့် သင်္ဘောတစ်စင်း ဂါဇာကမ်းမြောင်ဒေသသို့ စေလွှတ်

**အန်ကာရာ မတ် ၈**

တူရကီယဲနိုင်ငံက တူရကီယဲလခြမ်းနီအဖွဲ့ ဦးဆောင်သော အဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီ ၂၇၃၇ တန် တင်ဆောင်ထားသည့် သင်္ဘောတစ်စင်းကို ဂါဇာကမ်းမြောင်သို့ မတ် ၇ ရက်က စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် အီဂျစ်နိုင်ငံ အယ်လ်–အာရစ်ရှ်ဆိပ်ကမ်းသို့ မကြာမီရောက်ရှိမည်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ယင်းဆိပ်ကမ်းမှတစ်ဆင့် ကုန်တင်ကားများဖြင့် ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင်မည်ဖြစ်ကြောင်း တူရကီယဲလခြမ်းနီအကြီးအကဲ ဖတ်မာမီရစ်ယီလ်မတ်ဇ်က သတင်းထောက်များအား ပြောကြားသည်။

၎င်းထောက်ပံ့ကူညီမှုတွင် စားနပ်ရိက္ခာအထုပ်များ၊ အဝတ်အထည်များနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာပစ္စည်းများအပြင် အမိုးအကာပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

တူရကီယဲနိုင်ငံသည် ယမန်နှစ် အောက်တိုဘာလတွင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား စစ်ပွဲစတင်ဖြစ်ပွားပြီးနောက် လေယာဉ် ၁၂ စင်းနှင့် သင်္ဘော ခြောက်စင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့ပြင် တူရကီယဲအစိုးရသည် ဂါဇာကမ်းမြောင်ဒေသမှ ဒဏ်ရာရရှိသူများနှင့် နေထိုင်မကောင်းသူ ၃၀၀ ကျော်ကိုလည်း ဆေးဝါးကုသမှုများ ပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – အောင်ကျော်ကျော်**



# အစ္စရေး အကျဉ်းထောင်များတွင် ပါလက်စတိုင်းအကျဉ်းသား ၂၇ ဦး သေဆုံးမှုအပေါ် ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာန ရှုတ်ချ

**ဂျေရုဆလင် မတ် ၈**

ပါလက်စတိုင်း နိုင်ငံခြားရေး ဝန်ကြီးဌာနက အစ္စရေး အကျဉ်းထောင်များတွင် ပါလက်စတိုင်းအကျဉ်းသား ၂၇ ဦး သေဆုံးမှုအပေါ် ရှုတ်ချကြောင်း ယမန်နေ့က ပြောကြားသည်။

ယမန်နှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့၏ တိုက်ခိုက်မှုပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးခဲ့သည့် ပါလက်စတိုင်းအကျဉ်းသားများ သေဆုံးမှုနှင့်ပတ်သက်ပြီး အစ္စရေးသတင်းစာ Haaretz က သတင်းဖော်ပြခဲ့သည်။

အဆိုပါ အကျဉ်းသားများသေဆုံးရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ အစ္စရေးအစိုးရက မည်သည့်သတင်းအချက်အလက်မျှ ယခုအချိန်အထိ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ယင်းသို့ ပါလက်စတိုင်းအကျဉ်းသားများ သေဆုံးမှုသည် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့ ကျူးလွန်နေသည့် လူမျိုးတုံးသတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင်ဒေသတွင် မြေပြင်စစ်ဆင်ရေးအတွင်း ရာနှင့်ချီသော ပါလက်စတိုင်းများကို ဖမ်းဆီးခဲ့ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များနှင့် ပါလက်စတိုင်းလူ့အခွင့်အရေးအဖွဲ့အစည်းများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဆီဆိုင်မြို့ကို တပ်မတော်က ဓာတုအဆိပ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့ကို မတ် ၆ ရက်တွင် တပ်မတော်က ဒရုန်းဖြင့် ဓာတုအဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မတ် ၆ ရက်က ဆီဆိုင်မြို့တွင် မည်သည့်တိုက်ပွဲမျှ ဖြစ်ပွားခြင်းမရှိကြောင်း၊ ထို့ပြင် တပ်မတော်က လက်နက်ကြီး ပစ်ခတ်ခြင်း၊ ဒရုန်းများအသုံးပြု၍ဗုံးကြဲတိုက်ခိုက်ခြင်းများနှင့် ဓာတုအဆိပ်ငွေ့ဗုံးများ အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများမှ မတ် ၇ ရက်က ဆီဆိုင်မြို့အတွင်းသို့ ဒရုန်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် နေအိမ်အချို့မီးလောင်ပျက်စီးခဲ့ပြီး ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့်သတင်းတု၊သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးနှင့် ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုမှ တစ်ရွာလျှင် လူ ၅၀ စစ်မှုထမ်းရန် အတင်းအဓမ္မစုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၈

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် ဖေဖော်ဝါရီလအတွင်းက တပ်မတော်မှလာရောက်ခေါ်ဆောင်သွားကြောင်းနှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို တစ်ရွာလျှင် လူငယ် ၂၀ စုဆောင်းပေးရန် တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။







**မှန်ကန်မှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူများ စိုးရိမ်ထိတ်လန့်မှု မရှိစေရန်အတွက် ဥတ္တရသီရိမြို့နယ်မှ အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့ထံ ဆက်သွယ်မေးမြန်းချက်အရ မှန်ကန်မှုမရှိသည့် သတင်းအမှားများသာဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို ကျေးရွာတစ်ရွာလျှင် လူငယ် ၂၀ စုဆောင်းပေးရန်နှင့်ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်ခြင်းမရှိကြောင်း သိရသည်။

အလားတူ ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာကို တစ်ရွာလျှင် လူ ၅၀ စစ်မှုထမ်းဆောင်ရန် စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများဖြင့်ပြည်သူများအားစိုးရိမ်ထိတ်လန့်စေရန် လှုံ့ဆော်ရေးသားလျက်ရှိသည်။ ထို့သို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို မလိုလားသည့် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွား လမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြောင်းမြမြို့၌ ပေသလပ်ကုန်း-ပြင်ရွာ ကွန်ကရစ်လမ်းခင်းပြီးသည့်အတွက် ပြည်သူများ သွားလာရေးအဆင်ပြေလျက်ရှိ

မြောင်းမြ မတ် ၈

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ်၌ ပြင်ရွာကျေးရွာအုပ်စုရှိ ပေသလပ်ကုန်း-ပြင်ရွာ ကွန်ကရစ်လမ်း ခင်းပြီးသည့်အတွက် ပြည်သူများသွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ပေသလပ်ကုန်း - ပြင်ရွာ ကွန်ကရစ်လမ်းသစ် စုစုပေါင်းအရှည် ခြောက်မိုင်၊ လေးဖာလုံကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တစ်မိုင်၊ ၁ ဒသမ ၅ ဖာလုံ၊ ၂၀၁၉-၂၀၂၀ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၅ ဒသမ ၆ ဖာလုံ၊ ၂၀၂၀-၂၀၂၁ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၄ ဒသမ ၅ ဖာလုံ၊ ၂၀၂၂-၂၀၂၃ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တစ်မိုင်၊ ၅ ဒသမ ၁ ဖာလုံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တစ်မိုင်၊ ၂၀၂၃-၂၀၂၄ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လေးဖာလုံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တစ်မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအားလုံး ပြီးစီးအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်း ခင်းပြီးသည့်အတွက် မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာ ၅၃ ရွာ၊ အိမ်ခြေ ၁၅၁၁၅ အိမ်နှင့် လူဦးရေ ၇၆၈၂၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်မှု လွယ်ကူပြီး လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၈

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၈

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၃-၂၀၂၄ စနေနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အံဂုလိမာလသုတ်၊ ဖောဇ္ဈင်္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၃၅ | ညောင်လွန့်တောရ |
| ၀၉:၃၅ | နဝင်္ဂဥပေါ်သထသီလခံယူဆောက်တည်ခြင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၃၅ | ခံတွင်းမြိန်စရာသူ့လက်ရာ 'ဆိတ်အူကြမ်းကာလသားချက်' |
| ၁၂:၃၅ | တိပိဋကဓရတိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒ ဟောကြားသော 'သင့်သဘောအတိုင်းပါပဲ' တရားတော် |
| ၁၃:၃၀ | MRTV National News |
| ၁၄:၃၀ | (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၇) |
| ၁၅:၂၀ | မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (ဇာတ်သိမ်းပိုင်း) |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'နီနီသိပါပြီ' |
| ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၁၅ | ရသစုံစွာဤမြေကမ္ဘာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာ ဓတာလာ' (အပိုင်း-၄၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရပ်ပြဇာတ်) 'ပွဲစားပါလို့' |
| ၂၁:၅၀ | ဟိုးတုန်းက...ကာက်ဆက်ဇာတ်လမ်းများ 'ငွေယောက်ဖလို့ ပင်ဒါနဲ့' |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon) |
| 07:09 | Weekly Review |
| 07:26 | Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island |
| 07:43 | Myanmar Designer Studio: Naw Naw |
| 08:01 | News |
| 08:27 | Discovering Tribes: Da Nu (Their Life and Customs) Part 1 |
| 08:42 | Myanmar Traditional Bullock-Cart & Equestrian Racing |
| 09:01 | Quiz Time (Ep-60) |
| 10:01 | News |
| 10:26 | Children's Delight: National Library for Children (Episode-3) (I am a Penguin) |

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ရခိုင်ရှိသင်္ကေတလာဘ်ကောင်ဗျာလ္လ

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းပြည်ရဲ့ခေတ်ဟောင်းခေါ်ပုတ်ထောင်းနည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ရိုးရာတဆေးနှင့်ခေါင်ရည်ပြုလုပ်ပုံ

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ခံတွင်းမြိန်စေမဲ့ကယားရိုးရာအစားအစာ (အမဲသားထောင်းနဲ့ပဲပုစွန်ရှေ့ဖရုံချက်)

**ဝကကကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ပဲခူးမြို့ဟသ်ာကုန်းစေတီသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ကျန်းမာရေးအတွက် အာလူးရဲ့ကောင်းကျိုးများ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်

**ချင်း (ဖလမ်း) (၁၉:၀၀ မှ ၂၀:၀၀)**
ရှားစောင်းလက်ပဝ်ရဲ့အစွမ်း

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ညောင်စေးပြုလုပ်ခြင်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၂)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၀၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၀၉:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၃:၁၅ | Bird's Eye View |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | တရားရုံးကဦးဆောင်သည့်စေ့စပ်ပြေငြိမ်းရေးစနစ် |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၀) |

**MRTV FARMERS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၁၅ | သုတပဒေသာစိုက်ပျိုးနည်းပညာ |
| ၀၆:၂၅ | တောင်သူများပူးပေါင်းပါဝင်ကာရယ် နေကြာမျိုးသန့်ထုတ်ကြမယ် |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၁၈:၀၀ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း) |
| ၂၂:၀၀ | တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၄၀ | Soccer View |

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပ

တောင်ကြီး မတ် ၈

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ကာကွယ်စောင့်ရှောက်ရေးအား ရှင်းလင်းတင်ပြပြီး ထူးချွန်အမျိုးသမီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးရာ ထူးချွန်ဆုရရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းရင်းသားအကအဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ရှမ်းပြည်နယ် အမျိုးသမီးကော်မတီနာယကက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)






# မန္တလေးမြို့၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပ

မန္တလေး မတ် ၈

၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကိုမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် UN Message Video Clip နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များVideo Clip ပြသမှုများ၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ပြည်လုံးချမ်းသာပရဟိတဂေဟာနှင့် ဇရိပ်မွန်အမျိုးသမီးကလေးများကျောင်းတို့မှ ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့တို့က တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်သည့် အကအဖွဲ့များအား ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ရင်းနှီးစွာလိုက်လံနှုတ်ဆက်ကာ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပဲခူး မတ် ၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ NGO များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော သမိုင်းမှတ်တိုင်များ Video Clip နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာ Video Clip တို့အား ကြည့်ရှုကြသည်။

ယင်းနောက် မူကြိုသမီးငယ်လေးများက အကပဒေသာဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်

နေပြည်တော် မတ် ၈

အာရှနှင့်ပစိဖိတ်ဒေသအတွင်းရှိနိုင်ငံများ၏ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia–Pacific Institute for Broadcasting Development–AIBD)မှ စီစဉ်သော (Economic and Social Commission for Asia and the Pacific– ESCAP) နှင့် UN Women တို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ In Person System၊ Hybrid Participation System နှင့် Virtual System တို့ဖြင့်ကျင်းပရာ ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ် စသည့် အာရှနိုင်ငံများအပြင် ပစိဖိတ်နှင့်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြပြီး မြန်မာနိုင်ငံ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများလည်း အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms. Gita Sabharwal က ဦးဆောင်ဆွေးနွေးပြီး ESCAP မှ ဌာနေကိုယ်စားလှယ်၊ ထိုင်းနိုင်ငံဆိုင်ရာဖိလစ်ပိုင်နိုင်ငံ သံအမတ်၊ ပျူထိုင်းပါတီခေါင်းဆောင်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာအဖွဲ့အစည်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်စသည့် အာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ အမျိုးသမီးများက တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိ လူငယ်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ထိုးထွင်းသိမြင်နိုင်မှု စွမ်းရည်မြင့်မားရေး၊ နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရပ်များနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးတို့တွင် ကွန်ရက်ပုံစံ ချိတ်ဆက်ဆောင်ရွက်သည့် ပလက်ဖောင်းတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် စိမ်းလန်းသောနည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုသည့် လူငယ်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး(Empowering Young Women and Girls with Green Skills and Caeers) ခေါင်းစဉ်သတ်မှတ်၍ ကျင်းပရာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးရေးနှင့် လူမှုဘဝမြှင့်တင်ထူထောင်ပေးရေးတို့ကို အလေးအနက်ထား ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်–၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ခ) အာဆီယံနှင့်ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀-၄-၂၀၂၄ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ပညာရပ်ဖွံ့ဖြိုးမှုဘာသာရပ်များ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

လှည်းကူး မတ် ၈

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ပညာရပ်ဖွံ့ဖြိုးမှုဘာသာရပ်များ စွမ်းရည်ပြိုင်ပွဲကို မတ် ၅ ရက်မှ ၇ ရက်အထိ အဆိုပါ လှည်းကူးပညာရေးဒီဂရီကောလိပ် ပည္ဘာအားမာန်ခန်းမ၌ ကျင်းပခဲ့သည်။



### ဝင်ရောက်ယှဉ်ပြိုင်

ပညာရပ်ဖွံ့ဖြိုးမှု ဘာသာရပ်ပြိုင်ပွဲများကို ကျင်းပရာတွင် လှည်းကူးပညာရေး ဒီဂရီကောလိပ်ရှိ ကျောင်းသား ကျောင်းသူများက စက်မှုလက်မှုနှင့်ပန်းချီအနုပညာ စွမ်းရည်ပြိုင်ပွဲတွင် ၇၅ ဦး၊ ဂီတစွမ်းရည်ပြိုင်ပွဲတွင် ၈၅ ဦး၊ အိမ်တွင်းမှုသိပ္ပံစွမ်းရည်ပြိုင်ပွဲတွင် ၅၀၊ သိပ္ပံဘာသာရပ်များ စွမ်းရည်ပြပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားသို့ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၇၆၀ တက်ရောက်ခဲ့ကာ ဘာသာရပ်အလိုက် ခင်းကျင်းပြသထားသည်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မတ် ၈

မွန်ပြည်နယ် မော်မြိုင်မြို့တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်ဗိုလ်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုက အမှာစကားပြောကြားပြီး မွန်ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးချိုချိုက လစဉ်ပုံမှန် စာအုပ်စုဆောင်းနိုင်ရေး၊ စာပေဖတ်ရှုရုံသာမက အခြားဝါသနာပါသည့် ပန်းချီကဗျာရွတ်၊ စာဖတ်ဝိုင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးရေး၊ ရပ်ကွက်ကျေးရွာ စာကြည့်တိုက်၏ ပြင်ဆင်ထားရှိမှုများ၊ လိုအပ်ချက်များကို ပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



ခင်စန်းမြင့်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၂၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၄၅ | ၂၈၂၀ | ၂၉၂၀ | ၂၉၃၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၈၀ | ၃၁၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၆ | ၂၆၄၁ |
| 95 Ron | ၂၆၆၂ | ၂၇၄၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မလှိုင်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

မိတ္ထီလာ မတ် ၈

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနသည် မြို့နယ်အတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့်တပ်ဖွဲ့ဝင်များက အမှတ်(၄)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး ဘဏ်ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများပြသပေးကာ လက်တွေ့ငြိမ်းသတ်စေခြင်းနှင့် မီးဘေးလုံခြုံရေးဆိုင်ရာအကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်မီးသတ်



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါးမြို့၌ ကျင်းပ



**ဟားခါး မတ် ၈**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) မူကြမ်းကို ရေးဆွဲထားပြီး လုပ်ငန်းစီမံချက်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ လူမှု ကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ပါ လုပ်ငန်းစဉ် (၈) ရပ်တွင် ကိုယ်ဝန် ဆောင်မိခင်များအား စောင့်ရှောက် ရေးနှင့် အထောက်အပံ့ပေးရေး အစီအစဉ်ကို နံပါတ် (၁)လုပ်ငန်း စဉ်အဖြစ် ဖော်ပြထားပြီး အမျိုးသမီး များအတွက် အာမခံချက်ရှိသည့် တန်းတူအခွင့်အရေးများ ရရှိ အောင်ဆောင်ရွက်ရန် တာဝန်ရှိ ကြောင်း၊ အမျိုးသမီးများ၏ဘဝ လုံခြုံခြင်း၊ စွမ်းဆောင်ရည်နှင့် ပညာရည်မြင့်မားခြင်းတို့သည် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ပြီး ငြိမ်းချမ်းသာယာ သော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်း အနားတက်ရောက်လာကြသူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

**ခရိုင် (ပြန် /ဆက်)**

## နတ်တလင်းမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာအသိပညာပေး

**နတ်တလင်း မတ် ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ ဆိုင်ရာသိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့မရပ်ကွက် ရွှေလင်းခန်းမ၌ ကျင်းပ သည်။

**ပြောကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီးဦးတင်ဦးက ပြည်သူ့ စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရသည့် အဓိက ရည်ရွယ်ချက်မှာ ပြည်ထောင်စုမပြိုကွဲ ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင် နိုင်ရန် ပြဋ္ဌာန်းရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်သည် တပ်မတော်တွင်သာ တာဝန်ရှိသည် မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူလူထုတစ်ရပ်လုံးမှာ တာဝန်ရှိ သည့်အတွက် ယခုပြဋ္ဌာန်းလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဂုဏ်ယူ ဝမ်းမြောက်စွာ တာဝန်ထမ်းဆောင်ကြ စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့ စစ်မှုထမ်း ဥပဒေဆိုင်ရာ အကြောင်း အရာများ၊ စစ်မှုထမ်းရမည့် အသက်အရွယ် အပိုင်းအခြား သတ်မှတ် ထားရှိမှု၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ရှောင်လွှဲပါက ကျခံရမည့်ပြစ်ဒဏ်များ၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် စိုးရိမ်ရန်မလို သည့် အကြောင်းအရာများ၊ ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်စပ်လျဉ်း၍ လူမှုကွန်ရက် စာမျက်နှာများတွင် ပြည်သူလူထု အထင် အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် ကောလာဟလသတင်းများ ပျံ့နှံ့လာမှု အပေါ် ယုံကြည်မှုမရှိစေရန် စသည့် အကြောင်းအရာများအား ရှင်းလင်းပြော ကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန် လည် ဖြေကြားပေးခဲ့ကြောင်း သိရ သည်။



အခမ်းအနားသို့ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင် တင့်၊ နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ နတ်တလင်းခရိုင်အတွင်း ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုမှ အုပ်ချုပ်ရေး မှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူ များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက် ခဲ့သည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ မတ် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှု အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို မတ် ၈ ရက် နံနက် ၁၀ နာရီက ဥယျာဉ်ကျေးရွာရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ အာမခံအလုပ်သမား ဦးဖိုးတလုပ်၏ နေအိမ်တွင် ပေးအပ်သည်။

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အိသဉ္ဇာမောင်နှင့် တာဝန်ရှိသူများက အာမခံအလုပ်သမား ဦးဖိုးတလုပ်အား အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သော အကျိုးခံစားခွင့်



ငွေကျပ် ၇၁၄၄၂၀၀ ကို လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

❖ ကျောဖုံးမှ

စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုး သား လူငယ်လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မီတမိချီတယုကို ခန့်အပ်ထားပြီး ကစားသမားများရွေးချယ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လူရွေးပွဲတွင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်မှ တည်ထောင်ထားသည့် အကယ်ဒမီကျောင်းများမှ ကစား သမားများ၊ FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြသူများ ဝင်ရောက် ရွေးချယ်ခံခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသားလူငယ်လက်ရွေးစင် အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ကိုညီလေး**

❋ LFA

ပရော်ဖက်ရှင်နယ် MMA ပွဲ ကိုးပွဲ ထိုးသတ်ထားရာ ခြောက်ပွဲ အနိုင်ရရှိ ထားပြီး သုံးပွဲရှုံးနိမ့်ထားကြောင်း၊ ဗီယက်နမ်ဖိုက်တာ ကွမ်လီသည် လည်း ပရော်ဖက်ရှင်နယ် MMA ပွဲ ခုနစ်ပွဲ ထိုးသတ်ထားရာ ရှုံးပွဲ မရှိရလဒ်ကို ပိုင်ဆိုင်ထား၍ ခုနစ်ပွဲစလုံး အနိုင်ရရှိထားကြောင်း သိရသည်။

ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထီရယ်လ်ထန်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းက နောက်ဆုံးနိုင်ပွဲအဖြစ် အမေရိကန်ဖိုက် တာ ဒါးရီးယက်စ်ဂျက်ဆင်ကို အမှတ်ဖြင့်အနိုင်ရရှိခဲ့ပြီး နိုဝင်ဘာလ အတွင်းက All in Combat-4 ပြိုင်ပွဲ၊ ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ် လုပွဲအဖြစ် အမေရိကန်နိုင်ငံသား ချားရစ်အိုကွန်နှင့် နောက်ဆုံး ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ပြိုင်ပွဲ၌ ချားရစ်အိုကွန်အားအမှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ ထီရယ်လ်ထန်အနေဖြင့် ONE Championship အဖွဲ့ အစည်းနှင့် လမ်းခွဲပြီးနောက် MMA အဖွဲ့အစည်းများဖြစ်သည့် LFA နှင့် AIC တို့က ကျင်းပပြုလုပ်သည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်လျက်ရှိကြောင်း သိရသည်။ **ပွင့်သစ္စာ**

❍ MFF မှ

ဗိုလ်လုပွဲအဖြစ် VUC အသင်းနှင့် MIU အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ် ပြီး ပထမပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပထမ ဆုံးပွဲတွင် VUC အသင်း အနိုင်ရပါက နောက်ပွဲထပ်ကစားရန် မလိုဘဲ ချန်ပီယံဆုရယူနိုင်မည်ဖြစ်ပြီး MIU အသင်း အနိုင်ရပါက နောက်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။ နောက်ပွဲထပ်ကစားရပါက မတ် ၁၃ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား ကျောင်းသူ ၁၈၇၅၁ ဦး ဖြေဆိုမည်

**ရန်ကုန် မတ် ၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ရန်ကုန် တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်း သူ ၁၈၇၅၁ ဦး တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၇၃ ခုဖွင့်လှစ်ထားရှိပြီး ကျောင်းသား ၈၆၀၉ ဦး၊ ကျောင်းသူ ၁၀၁၄၂ ဦး ဖြေဆိုသွားမည်ဖြစ်ရာ ပြင်ပမှဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၅၀၉ ဦး ပါဝင်သည်။ စာမေးပွဲတွင် သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲနှင့် ဝိပ္ပံတွဲတို့ကို ဖြေဆိုရမည် ဖြစ်ပြီး ယခုနှစ်တွင် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်၌ တစ်ဦးတည်းဖြေဆိုသွားရန် ရှိကြောင်း သိရသည်။

"သင်ရိုးသစ်၊ မေးခွန်းပုံစံအသစ်နဲ့ ပထမ ဆုံးရင်ဆိုင်ရတဲ့စာမေးပွဲဖြစ်တာကြောင့် စိတ်ဝင် စားမှုရှိပြီး စိုးရိမ်မှုအချို့ရှိကြပေမယ့် ကြိုးစား အားထုတ်မှုရှိတာကို တွေ့ရပါတယ်။ ပညာရေး ဝန်ထမ်းများအနေနဲ့ ရင်ဆိုင်ရမယ့် အခက်အခဲ တွေကို စိတ်အေးချမ်းစွာ ကျော်လွှားနိုင်အောင် အဘက်ဘက်မှ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေး ခဲ့ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ မိမိတို့ဖြေဆိုရမယ့်ကာလမှာ ကျန်းမာရေးကို ဂရုစိုက်ပြီးတစ်နှစ်တာကြိုးစားထားမှုအပေါ် မှာ အစွမ်းကုန်အားထုတ်ပြီး ဖြေဆိုသွားမယ် ဆိုရင် မိမိတို့နဲ့ထိုက်တန်တဲ့ အောင်မြင်မှု အသီးသီးကိုရရှိကြမှာပါ"ဟု ရန်ကုန်တိုင်းဒေသ ကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ Grade-12 သင်ရိုးသစ် ဘာသာရပ်များကို သိရှိနားလည်နိုင်စေရန် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီး ဌာနမှ ထုတ်ဝေသည့် Grade -12 သင်ရိုးသစ် နှင့်စပ်လျဉ်းသည့် ဘာသာရပ်အလိုက်မေးခွန်း ပုံစံများကို ကျောင်းများတွင် လေ့ကျင့် သင်ကြားပေးခဲ့ပြီး နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည့် ပါမောက္ခများ၏ ဘာသာရပ် အလိုက် ဆွေးနွေးမှုများနှင့် မေးခွန်းပုံစံများ ကိုလည်း အခြေခံပညာကျောင်းများနှင့် ကိုယ် ပိုင်ကျောင်းတို့တွင် လေ့ကျင့်သင်ကြားပေးခဲ့ ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၉ ရက်အထိ တစ်ရက်လျှင် တစ်ဘာ သာဖြင့် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖြေဆို သွားရမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျောင်းသား ကျောင်းသူ များ သင်ရိုးသစ်ဘာသာရပ်တို့တွင် ကောင်းမွန် စွာသင်ကြားနိုင်ရန် ဆရာ ဆရာများအား 'သင်ကြားရေးစွမ်းရည်မြှင့်' သင်တန်းများဖြင့် ပံ့ပိုးကူညီခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဦးတည်၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၅-၁-၂၀၂၄ ရက်နေ့မှအဆက်)

## မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့အကြောင်း

မဟာကပ္ပိနမည်သော မင်းကြီးသည် ကုက္ကုဋဝတီပြည်၌ စိုးစံတော်မူသည်။ ၎င်း၏ မိဖုရားသည် မဒ္ဒရာဇ်တိုင်း သာဂလပြည်မှ "အနောဇာ" မည်သော မင်းသမီးဖြစ်ပါသည်။ မဟာကပ္ပိနမင်းသည် အမတ်ပေါင်းတစ်ထောင် ခြံရံလျက်ရှိပါသည်။ ဤသို့သော မင်းနှင့် မိဖုရား၊ အမတ်တစ်ထောင်သည် ရှေးအတိတ်ဘဝက အတူတကွနေထိုင်ကြပြီး သာသနာတော်တွင် ကုသိုလ်ကောင်းမှုများကို အတူတကွ ပြုခဲ့ကြသောကြောင့် ယခုဘဝတွင်လည်း မင်းနှင့် မိဖုရား၊ အမတ်တစ်ထောင်တို့ အတူနေကြခြင်း ဖြစ်သည်။

အခါတစ်ပါး၌ မင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက် မြင်းစီး၍ ဥယျာဉ်တော်သို့ ထွက်လာလေသည်။ ထိုအခါ၌ သာဝတ္ထိပြည်မှ ကုန်သည်တို့နှင့် ဆုံကြလေသည်။ ကုန်သည်တို့က သာဝတ္ထိပြည်၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပေါ်ထွန်းကြောင်း သတင်းထူးကို မင်းကြီးအား အကြောင်းကြားလေသည်။ ယင်းသတင်းကို ကြားရသော မဟာကပ္ပိနမင်းသည် ၎င်းတို့အား သတင်းထူးကြောင့် ဆုငွေ သုံးသိန်း ဆုချလေသည်။ ထို့နောက် ဘုရင်မင်းမြတ်သည် ဘုရားရှင်ထံသို့ ရဟန်းပြုရန် ဆန္ဒရှိသဖြင့် သာဝတ္ထိပြည်သို့ သွားရောက်သည်။ ထို့အပြင် မင်းကြီးက မိဖုရားအား ၎င်းသတင်းထူးကို ပြောကြားရန် ကုန်သည်များအား မှာကြားလေသည်။ သင်တို့ကိုလည်း ဆုငွေ သုံးသိန်းကို မိဖုရားကြီး အနောဇာကပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ထိုနေ့၌ ဘုရားရှင်သည် နံနက်စောစော၌ သတ္တလောကတစ်ခုကို ဆင်ခြင်၍ မည်သူတို့အား ချေချွတ်မည်ကို ဉာဏ်တော်ဖြင့် ကြည့်လိုက်ရာ ဤမည်သော ကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့သည် ဘုရားရှင်ထံသို့လာ၍ ရဟန်းပြုမည်၊ ၎င်းတို့အားလုံး ရဟန္တာဖြစ်ကြမည်ကို သိတော်မူလေသည်။ ထိုအခါ ဘုရားရှင်သည် သင်္ကန်းနှင့် သပိတ်တို့ကိုယူ၍ သာဝတ္ထိမှ ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးသောခရီးသို့ ကြွတော်မူသည်။ "စန္ဒဘာဂါ" မြစ်နားရှိ ညောင်ပင်တွင် ထိုင်လျက် ရောင်ခြည်တော်ခြောက်သွယ် လွှတ်တော်မူလေသည်။ ထိုမင်းနှင့်တကွ အမတ်တို့အား ကြိုဆိုရန် အသင့်ပြင်ထားခြင်းဖြစ်သည်။

မင်းကြီးသည် ယင်းသို့ ခရီးထွက်လာရာ "အပရစ္ဆာ" မြစ်သို့ ရောက်လျှင် ဖောင်တို့၊ လှေတို့ မတွေ့သဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဖန်ဖန် အောက်မေ့၍ အဓိဋ္ဌာန်ပြုပြီး မြစ်ကို မြင်းများ စီးလျက် ဖြတ်ကျော်လေသည်။ ထိုအခါ မြင်းများမှာ ရေပြင်ကို ဖြတ်ကျော်ရာတွင် ကျောက်ဖျာပေါ် နင်းသွားသကဲ့သို့ဖြစ်၍ ကူးဖြတ်ကြရလေသည်။ ဤသို့ ခရီးဆက်ပြန်ရာ ရေနက်သော "နီလဝါဟနာ" မြစ်သို့ ရောက်လေသည်။ မင်းကြီးသည် လှေ၊ ဖောင် တို့ မတွေ့သဖြင့် ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကိုပွား၍ ယင်းမြစ်ကို ဖြတ်ကူးလေသည်။ ၎င်းတို့စီးသော မြင်းများသည် ရေကို ခိုင်းနင်းသွားကြရလေသည်။ နောက်ဆုံးမြစ်ဖြစ်သောရေနက်သည့် "စန္ဒဘာဂါ" မြစ်သို့ရောက်သော် သံဃာနုဿတိကမ္မဋ္ဌာန်းကို ပွားလျက် အထက်ပါအတိုင်း ကျော်ဖြတ်လာခဲ့လေသည်။

မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ဘုရားရှင်နှင့် ရောင်ခြည်တော်များကို မြင်သောအခါ မြင်းပေါ်မှဆင်း၍ ဘုရားရှင်အား ရှိခိုး၍ ဆည်းကပ်လေသည်။



ဘုရားရှင်ကလည်း ၎င်းတို့အား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ အစရှိသည့် တရားများကို အစဉ်အတိုင်း ဟောကြားတော်မူရာ ၎င်းတို့သည် သောတာပန်များဖြစ်ကြပြီး ရဟန်းပြုခွင့် တောင်းခံကြလေသည်။ ဘုရားရှင်ကလည်း ၎င်းတို့သည် သင်္ကန်းပရိက္ခရာ လှူဖူးခဲ့သူများဖြစ်ကြောင်း ဆင်ခြင်၍ "ဧဟိဘိက္ခု" ခေါ်တော်မူသည်။ ထိုသူအားလုံးသည်လည်း လူ့အသွင်ကွယ်ပျောက်၍ တန်ခိုးဖြင့်ပြီးသော ပရိက္ခရာတို့ဖြင့် ရဟန်းအသွင်သို့ ရောက်ကြလေသည်။

အနောဇာမိဖုရားကြီးသည် သာဝတ္ထိပြည်မှ ကုန်သည်များအား ရတနာသုံးပါး သတင်းထူးပေးပို့သောကြောင့် ဆုငွေ သုံးသိန်း ပေးတော်မူသည်။ ထို့နောက် မိဖုရားကြီးနှင့်အတူ အမတ်ကတော် တစ်ထောင်တို့သည် ရထားများစီစဉ်ပြီး မဟာကပ္ပိနမင်းကြီး သွားသည့်အတိုင်း သာဝတ္ထိပြည်သို့ လာခဲ့လေသည်။ ၎င်းတို့သည် မြစ်သုံးမြစ်ကို ကျော်ဖြတ်ရာ၌ မင်းကြီးအတိုင်း ရတနာသုံးပါး၌ ဆင်ခြင်သုံးသပ်ပူဇော်ပြီး အဓိဋ္ဌာန်ပြု၍ ရထားများဖြင့် ရေပြင်ကို ကျော်လွှားခဲ့ပေသည်။ ထို့နောက် ဘုရားရှင်ထံသို့ ရောက်ရှိကြလေသည်။

မိဖုရားကြီးလည်း ဘုရားရှင်အား ဖူးမြော်ကန်တော့ပြီး မင်းကြီးတို့ ဘယ်အရပ်မှာရှိပါသလဲ ပြတော်မူပါဟု လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ၎င်းတို့အား ဤနေရာတွင် ထိုင်ကြလော့။ မင်းကြီးကို ပြမည်ဟု မိန့်တော်မူလေသည်။ မိဖုရားကြီးကို အချင်းချင်းမြင်ရလျှင် "ဆန္ဒရာဂ" ဖြစ်ပေါ်၍ မဂ်ဖိုလ်၏ အန္တရာယ်ကိုဖြစ်သောကြောင့် တန်ခိုးဖြင့် ၎င်းတို့အချင်းချင်း မမြင်ရအောင် ဖုံးကွယ်ထားသည်။ ဘုရားရှင်က ၎င်းတို့အား အစဉ်အတိုင်း တရားဟောကြား၍ သောတာပန်များ ဖြစ်ပြီးသောအခါ၌ တန်ခိုးကိုရုပ်သိမ်း၍ မင်းကြီးအား ပြသတော်မူလေသည်။

မိဖုရားနှင့်တကွသော အမတ်ကတော်တို့သည် ဘုရားရှင်အား ရဟန်းပြုခွင့် တောင်းခံကြသဖြင့် သာဝတ္ထိပြည်ရှိ ဥပ္ပလဝဏ်ထေရီမကို တန်ခိုးဖြင့် ခေါ်ယူပြီး ၎င်းမိန်းမတို့အား ရဟန်းပြုကာ သာဝတ္ထိပြည်သို့ ခေါ်ဆောင်သွားလေသည်။ မဟာကပ္ပိနမထေရ်သည် တရားအားထုတ်၍ မကြာမီပင် ရဟန္တာ ဖြစ်သွားလေသည်။ မင်းကြီးသည် "အဟောသုခ" (ဖြောင့်ချမ်းသာစွာ)ဟူ၍ အမြဲရွတ်လျက်ရှိသည်။ အခြားရဟန်းတို့က ၎င်းဥဒါန်းကျူးရင့်သံကို ကြားရသောအခါ မင်းစည်းစိမ်ကို အောက်မေ့၍ ဥဒါန်းကျူးရင့်သည်ထင်ကြောင်း လျှောက်ကြလေသည်။ ဘုရားရှင်က မဟာကပ္ပိနမထေရ်သည် တရား၌ မွေ့လျော်ခြင်းဖြစ်ကြောင်း၊ သူတော်ကောင်းတို့မည်သည် ဟောကြားထားအပ်သော တရားတော်၌ မွေ့လျော်သည်ဟူ၍ ဂါထာဖြင့် မြွက်ကြားလေသည်။ မဟာကပ္ပိနမထေရ်သည် အရဟတ္တဖိုလ်ဖြင့်သာနေလျက် သူ့တပည့် ရဟန်းတစ်ထောင်တို့အား ဆုံးမရန် ကြောင့်ကြလျက်ရှိသည်။ ဤသည်ကို ဘုရားရှင်ကသိ၍ ဆုံးမရန်ခွင့်ပြုပြီး သူ့တပည့်များအား တရားဟောကြားရာ တရားတစ်ပွဲတည်းဖြင့် ရဟန်းတစ်ထောင်တို့ ရဟန္တာဖြစ်သွားကြလေသည်။

> မင်းကြီးသည် ယင်းသို့ ခရီးထွက်လာရာ "အပရစ္ဆာ" မြစ်သို့ ရောက်လျှင် ဖောင်တို့၊ လှေတို့ မတွေ့သဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် အောက်မေ့၍ အဓိဋ္ဌာန်ပြုပြီး မြစ်ကို မြင်းများစီးလျက် ဖြတ်ကျော်လေသည်။ ထိုအခါ မြင်းများမှာ ရေပြင်ကို ဖြတ်ကျော်ရာတွင် ကျောက်ဖျာပေါ် နင်းသွားသကဲ့သို့ဖြစ်၍ ကူးဖြတ်ကြရလေသည်။ ဤသို့ ခရီးဆက်ပြန်ရာ ရေနက်သော "နီလဝါဟနာ" မြစ်သို့ ရောက်လေသည်။ မင်းကြီးသည် လှေ၊ ဖောင် တို့ မတွေ့သဖြင့် ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကိုပွား၍ ယင်းမြစ်ကို ဖြတ်ကူးလေသည်။ ၎င်းတို့စီးသော မြင်းများသည် ရေကို ခိုင်းနင်းသွားကြရလေသည်။ နောက်ဆုံးမြစ်ဖြစ်သောရေနက်သည့် "စန္ဒဘာဂါ" မြစ်သို့ရောက်သော် သံဃာနုဿတိ ကမ္မဋ္ဌာန်းကို ပွားလျက် အထက်ပါအတိုင်း ကျော်ဖြတ်လာခဲ့

မဟာကပ္ပိနသည် ဤသို့သော တရားအလုံးစုံ အဆုံးအမပေးရာ၌ တရားဟောကောင်းသော ပုဂ္ဂိုလ်ဖြစ်သဖြင့် နောင်သောအခါ၌ ဘုရားရှင်သည် သံဃာအစည်းအဝေး၌ ရဟန်းတို့အား ဧတဒဂ် ပေးသောအခါ ရဟန်းတို့ ရဟန်းအားလုံးကို ဆုံးမတရားဟောကြားသည့် ငါဘုရား၏ တပည့် ရဟန်းတို့တွင် မဟာကပ္ပိနမထေရ်သည် အမြတ်ဆုံး ဖြစ်ပေ၏ဟု မဟာကပ္ပိနမထေရ်အား "ဘိက္ခုသြဝါဒကဧတဒဂ်"အရာ၌ ထားတော်မူလေသည်။

## မဟာနာမမင်းသည် ဘုရားရှင်အား ဥပါသကာ အကြောင်း မေးမြန်းလျှောက်ထားခြင်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စုဒ္ဒသမဝါ (၁၄) ဝါ ကပ်နေတော်မူပြီး ချေချွတ်ထိုက်သူများအားလုံး ချေချွတ်၍ ဝါကျွတ်သောအခါ၌ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။ ကပိလဝတ်ပြည် နိဂြောဓာရုံ၌ ပန္နရသမ (တစ်ဆယ့်ငါးဝါ) မြောက် ဝါကပ်တော်မူသည်။

တစ်နေ့သောအခါ အရှင်အနုရုဒ္ဓါ၏ အစ်ကိုဖြစ်သူ သာကီနွယ်မင်းမျိုးမည်သော မဟာနာမမင်းသားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး သူသိလိုသောအချက်များ မေးမြန်းလျှောက်ထားလေသည်။

မဟာနာမက မည်သို့သော အရည်အချင်းနှင့် ပြည့်စုံပါလျှင် ဥပါသကာဖြစ်ပါသလဲဟု မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားပါသည်။

(၁) ဘုရားရှင်က မဟာနာမ် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ဆည်းကပ်ခြင်း (ဝါ) သရဏဂုံတည်ခြင်းဖြင့် ဥပါသကာမည်၏ဟု ဖြေသည်။

တစ်ဖန် မြတ်စွာဘုရား အဘယ်မျှဖြင့် သီလနှင့် ပြည့်သူအား ဥပါသကာ ဖြစ်ပါသနည်း။

(၂) ဘုရားရှင်က မဟာနာမ် ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းခြင်းဖြင့် ဥပါသကာ မည်ပါပေသည်။

ဆက်၍ မဟာနာမ်က မြတ်စွာဘုရား အဘယ်မျှ သဒ္ဓါယုံကြည်မှုရှိသူကို ဥပါသကာမည်ပါသနည်း။

(၃) ဘုရားရှင်က မဟာနာမ် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးတို့ကို ယုံကြည်မှုသဒ္ဓါနှင့် ပြည့်စုံသူတို့ကို ဥပါသကာမည်ပါပေသည်ဟု မိန့်ကြားလေသည်။

ထို့နောက် မဟာနာမ်သည် မြတ်စွာဘုရား ဥပါသကာသည် အဘယ်မျှသော စွန့်ကြဲခြင်း "စာဂ" တရားနှင့် ပြည့်စုံပါသနည်းဟု မေးလျှောက်ပြန်ပါသည်။

(၄) ဘုရားရှင်က မဟာနာမ် ဝန်တိုမှုကင်းလျက် အလှူခံပုဂ္ဂိုလ်တို့အား ပေးကမ်းစွန့်ကြဲခြင်းဖြင့် ဥပါသကာ စွန့်ကြဲမှု "စာဂ" တရားနှင့် ပြည့်စုံသူဖြစ်သည်ဟု မိန့်မြွက်လေသည်။

မဟာနာမ်က မြတ်စွာဘုရား အဘယ်မျှဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံသူဖြစ်ပါသနည်း။

(၅) ဘုရားရှင်က မဟာနာမ် ကိလေသာကို ဖယ်ရှားနိုင်သော နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ရုပ်နာမ်တို့၏ အဖြစ်ပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသူတို့ဖြစ်ကြောင်း မိန့်မြွက်သည်။

မဟာနာမ်သည် သာကီဝင်မင်းသားတစ်ပါး ဖြစ်သည်။ သူသည် ရဟန်းတော်များအား အလွန်မွန်မြတ်သော ဆွမ်း(ဘောဇဉ်) စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေးလေ့ရှိသူလည်း ဖြစ်ပါသည်။ ဘုရားရှင်သည် နောင်သောအခါ၌ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေစဉ် ဥပါသကာတို့ ဧတဒဂ်အရာပေးတော်မူသောအခါ ရဟန်းတို့အား မွန်မြတ်သော ဘောဇဉ်၊ အရသာ၊ ဆေးပစ္စည်း လှူဒါန်းသည့် ငါဘုရား၏ ဥပါသကာတို့တွင် မဟာနာမ် သာကီဝင်မင်းသားသည် အမြတ်ဆုံးဖြစ်၍ မဟာနာမ်အား "ပဏီတဒါန ဧတဒဂ်" အရာ၌ ထားတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၈-၃-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၃၂၆။ | မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်)မှ အရာထမ်း/ အမှုထမ်းများမိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၈၃၂၇။ | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်မှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကောင်းမှု | ၅၅၁၀၀၀ |
| ၈၃၂၈။ | မွန်ပြည်နယ်၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများကောင်းမှု | ၅၀၀၀၀၀ |
| ၈၃၂၉။ | ကွယ်လွန်သူ ဦးတင်မောင်မြင့်နှင့် မောင်သန့်သီဟထွန်း တို့အားရည်စူး၍ ဒေါ်မေဝင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၃၃၀။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်ခင်စန္ဒာစိုး၊ (သမီး) မခင်ရတနာမျိုးသန့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၃၃၁။ | ဦးအောင်စံမိုးနှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၃၃၂။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ခင်ဝင်းမြင့်မိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၈၃၃၃။ | ကွယ်လွန်သူ ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ ဆရာမကြီး ဒေါ်အေးကျော့မွန်ကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၄။ | နှစ်ဖက်သောမိဘများကိုအမှူးထား၍ ဦးအောင်ကိုကိုမြတ် နှင့်ဇနီး ဒေါ်နွဲ့ယဉ်ယဉ်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၅။ | ဒေါ်ကြည်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၆။ | ကွယ်လွန်သူ ဦးဟန်ညွန့်အားရည်စူး၍ ဇနီးဒေါ်တင်နွယ် ကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၇။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးအောင်နိုင်ဦးနှင့်ဇနီး ဒေါ်လေးနွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၈။ | ကွယ်လွန်သူ ဦးခင်မောင်တင်အားရည်စူး၍ ဒေါ်နုနုရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၃၉။ | ဦးခင်အောင်နှင့်ဇနီး ဒေါ်စုနွယ်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၀။ | ဗိုလ်မှူးကိုကိုလတ်နှင့်ဇနီး ဒေါ်ယုရွှေဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၁။ | ကွယ်လွန်သူ ဖခင်ကြီး ဦးအေးမောင်နှင့် ခင်ပွန်း ဦးဌေးကို တို့အားရည်စူး၍ ဒေါ်မာမာအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၂။ | ဦးမြတ်ကြည်စိုးနှင့်ဇနီး ဒေါ်ဖြူသန့်ဇင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၃။ | ဒေါ်မူမူဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၄။ | ကွယ်လွန်သူ ဗိုလ်မှူးစံရင်နှင့်ဇနီး ဒေါ်လှကြည်တို့အား ရည်စူး၍ (သမီး) ဒေါ်ကြည်ကြည်ဝေ၊ ဒေါ်ကြည်ကြည်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၅။ | မိခင်ကြီး ဒေါ်တင်အေးနှင့် သမီး ဒေါ်သိမ်းသိမ်းနု မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၆။ | ဒေါ်ခင်မြတ်ထွေး(ခ)ဒေါ်စန္ဒာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၇။ | ဒေါက်တာဌေးနောင်နှင့်ဇနီး ဒေါ်ထားထားရှိန် မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၈။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ခင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၄၉။ | ဖခင်ကြီး ဦးထွန်းရွှေနှင့် မိခင်ကြီး ဒေါ်ဘွားမေနှင့် ဆွေမျိုးများကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၀။ | ဦးသော်အေးနှင့်ဇနီး ဒေါ်စိန်ညွန့်၊ (သမီး)ဒေါ်သင်းသင်းသော်၊ ဒေါ်အေးအေးသော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၁။ | ကွယ်လွန်သွားသော ဆရာမကြီး ဒေါ်ခင်စန်းအားရည်စူး၍ ဆရာကြီး ဦးစစ် ကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၂။ | ဦးမင်းဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၃။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်သီဂီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၄။ | ဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၅။ | ဦးစံလှိုင်နှင့်ဇနီး ဒေါ်ရီရီဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၆။ | ဦးသက်လွင်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၇။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်ပွင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၈။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ကြည်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၅၉။ | ကိုရန်နိုင်နှင့်ဇနီး မအေးအေးသွယ်၊ (သား)မောင်ထင်နိုင်အောင်၊ မောင်ကောင်းသုတလင်း၊ (သမီး)မစန္ဒီအေးအေးသွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၆၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးအေးမင်းအားရည်စူး၍ ဒေါ်ဝင်းဝင်းခိုင်နှင့် သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၆၁။ | ဒေါ်နုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၃၆၂။ | ဗိုလ်မှူးသိန်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၃။ | ဦးသန်းအေးနှင့်ဇနီး ဒေါ်သိန်းသိန်းဦး၊ (သား)မောင်ဝေယံဝင့်ကျော်၊ မောင်လင်းပြည့်ဖြိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၄။ | ကွယ်လွန်သူ ဦးရွှေဘသိန်းနှင့် ဒေါ်လှတင်တို့အား ရည်စူး၍ ဒေါ်ခင်လှမြင့်၊ ဒေါ်မြခင်၊ ဦးစိုးသူရထွန်းနှင့်ဇနီး ဒေါ်ချိုချိုသော်၊ ဦးဟိန်းတေဇာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၅။ | ကွယ်လွန်သူ ဒေါ်ကြည်ကြည်အားရည်စူး၍ ဦးဆွင်ခန်မန်း (သမီး) မသန္တာလွင်၊ မထက်ထက်လွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၆။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်နန်းခင်ဌေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၇။ | ဦးတင်မွေးနှင့်ဇနီး ဒေါ်လှမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၈။ | ဦးချစ်သိန်းနှင့်ဇနီး ဒေါ်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၆၉။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ခင်မြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၀။ | ဦးသန်းကျော်အုန်းနှင့်ဇနီး ဒေါ်ဝင်းဝင်းလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၁။ | ဦးအောင်အောင်ကျော်နှင့်ဇနီး ဒေါ်ငုဝါမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၂။ | ဦးသုခလွင်နှင့်ဇနီး ဒေါ်ရွှန်းလဲ့ဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၃။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးသန်းဌေး၊ ဒေါ်သန်းမြင့်၊ (သား)ကိုဌေးအောင်မြင့်၊ မဝင်းပပစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၄။ | ဦးစောစံယဉ်နှင့်ဇနီး ဒေါ်သန်းမြယဉ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၅။ | ဦးစိုင်းဟန်လင်းဦးနှင့်ဇနီး ဒေါ်သန်းသန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၆။ | ဦးမိုးသူနှင့်ဇနီး ဒေါ်မော်မော်လွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၇။ | နှစ်ဖက်မိဘအားအမှူးထား၍ ဦးဝင်းဦးနှင့်ဇနီး ဒေါ်သိန်းလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၃၇၈။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဗိုလ်ကြီးလင်းဖြိုးအောင် နှင့်ဇနီး ဒေါ်ချောစု၊ (သား)မောင်သုတအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

**ပြင်ပအလင်းရောင်ကို အသုံးချပါ။**

**မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို**

**လျှော့သုံးပါ**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးချစ်သိန်း [၇/ရတရ(နိုင်)၀၈၉၇၈၈] ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-690365196**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁-ကံဘဲ့၊ မြေကွက်အမှတ် ၃/က-၁/အေ(၀.၀၅၆ ဧက)၊ မြေကွက်တည်နေရာ အမှတ်(၆၉၄/က)၊ အောင်သုခလမ်း၊ မိကျောင်းကန်(၂)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါက်တာခင်မောင်ဝင်း [၁၂/တမန(နိုင်) ၀၇၇၄၉၅] အမည်ပေါက် မြေပိုင်မြေ လ/န(၃၉)၊ လ/န(၃-ခ)မြေအား အမည်ပေါက် ဒေါက်တာခင်မောင်ဝင်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်မျိုး(ခ)အိအိသွယ် [၁၂/တမန(နိုင်)၀၇၇၄၉၆]မှ ကွယ်လွန်သူ ခင်ပွန်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီး မိမိတစ်ဦးတည်းသာကျန်ရှိခဲ့ပါကြောင်း၊ အခြားသောဇနီး/မိန်းမ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း (၁၄-၁၁-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်စာချုပ်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လွင်လွင် [၁၂/လမန (နိုင်) ၀၃၅၂၇၆]၏ နိုင်ငံကူးလက်မှတ် အမှတ် MH 019084 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09778432280**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးစောမြသန်း၏သား စောဘွဲ့မူး [၁၄/မအပ (နိုင်) ၂၀၃၆၈၆]၏ နိုင်ငံကူးလက်မှတ် အမှတ်(M 499816) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၆၇၅၃၆၈၀၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၂၊ မြေကွက်အမှတ်– ၁၁၇၄၊ အတိုင်းအတာ (၄၀'x၆၀' စ/ပေ)၊ မြေကွက်တည်နေရာအမှတ်(၁၁၇၄)၊ မင်းရဲကျော်စွာလမ်းမ၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်(ဦးကျင်စံ SRM–၀၁၄၇၄၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်စံ [၁၂/ဒလန(နိုင်) ၀၂၆၃၀၆] (SRM–၀၁၄၇၄၅) ကိုယ်တိုင်မှ နှစ်(၆၀) ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ နေကြာလမ်းနေ ဦးဇော်လွင် [၁၄/အမတ(နိုင်)၀၁၈၉၂၅]နှင့် အများသိစေရန်

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော ဦးဆန်းမင်းအောင် [၁၂/လသန(နိုင်)၀၁၉၈၆၉]နှင့် ဦးဟန်ထွန်းအောင် [၁၂/လသန(နိုင်)၀၂၀၅၃၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ နေကြာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ မြေကွက်အမှတ်(၁၉၃) (၁၉၄)၊ မြေကွက် (၂)ကွက်နှင့် ဂိုဒေါင်အဆောက်အဦတို့မှာ ဦးဇော်လွင်မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြု၍ ရောင်းချခဲ့ရာတွင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ကျွန်ုပ်တို့၏ အမှုသည်များအား ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုမှုအပေါ် ကျွန်ုပ်အမှုသည်များမှ အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့် အဆောက်အဦတန်ဖိုးငွေ ထက်ဝက်ကျော် ပေးချေပြီး ကျန်ငွေများပေးချေရန် အဆင်သင့်ဖြစ်နေသော်လည်း ဦးဇော်လွင်မှ ကျွန်ုပ်အမှုသည်များအမည်ဖြင့် မြေငှားဂရန်စာချုပ်များ ပြုလုပ်ပေးနိုင်ခြင်းမရှိသည့်အပြင် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ၊ မြေချပါမစ်မူရင်းများ၊ မြေဂရန်မူရင်းများကို ပြသနိုင်ခြင်းမရှိ၊ အရောင်းအဝယ် စရန်ပေးစာချုပ်များပါ ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိ ပျက်ကွက်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း (၁၉၃)(၁၉၄) မြေကွက် (၂)ကွက်နှင့် ဂိုဒေါင်အဆောက်အအုံတို့ကို ကျွန်ုပ်အမှုသည်များအား ဦးဇော်လွင်မှ အရောင်းဝယ်မှတ်ပုံတင်စာချုပ်များ ချုပ်ဆို၍ လက်ရောက်ပေးအပ်ရန် (သို့မဟုတ်) စာချုပ်များပါ ကတိပဋိညာဉ်များအတိုင်း စရန်ငွေ (၂)ဆနှင့် နစ်နာကြေးငွေများကို ပေးအပ်ရန် တောင်းဆိုအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **၁။ ဦးဆန်းမင်းအောင်** | **ဦးရဲထွန်း(စဉ်–၅၃၄၀)** |
| **၂။ ဦးဟန်ထွန်းအောင်** | **ဒေါ်အေးမာလှိုင်** |
| | **(စဉ်– ၁၃၃၇၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ်(၄၈၇/က)မြေညီထပ်၊**
**အောင်ဇေမ္ဗူလမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

UNECMM Vocational School
လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း
PPTT 11/24 ဝင်ခွင့်
အွန်လိုင်း/အပြင်သင်တန်းများအတွက်
UNEC MM Company Limited.
Viber / Phone : 09-255 499 663

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်နေ ဦးအောင်မင်းထွဋ်[၁၃/ကလန(နိုင်)၀၁၂၄၁၇]၊ ဒေါ်မီမီမင်းထွဋ် နှင့် အများသိစေရန်

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်ကြသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နေ ဒေါ်လင်းလင်းထွဋ်၊ ဒေါ်စုစုထွဋ်၊ ဦးမင်းဦး(ခ)ဦးမော်စီ (၎င်း၏ကိုယ်စားလှယ်လွှဲစာရရှိသူ– ဒေါ်ဝေလှဲ့မောင်)၊ ဒေါ်ဝါဝါထွဋ်၊ ဒေါ်စိမ့်စိမ့်ထွဋ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်–

တောင်ကြီးခရိုင်တရားရုံး တရားမကြီးမှုအမှတ်–၁၉၆/၂၀၂၀ တွင် ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ရေယားကျေးရွာရှိ မြေဧက (၉.၅၃)ကေအား အမွေဆိုင်များဖြစ်ကြသည့် ဦးမဟာဒါဆင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မွန်မွန်သန့်) ဒေါ်လင်းလင်းထွဋ်၊ ဒေါ်စုစုထွဋ်၊ ဦးမင်းဦး(ခ) ဦးမော်စီ၊ ဒေါ်ဝါဝါထွဋ်၊ ဒေါ်စိမ့်စိမ့်ထွဋ်၊ ဦးအောင်မင်းထွဋ်တို့အား (၃/၇)စီရယူစေရန်၊ စီရင်ချက်နှင့် ဒီကရီချမှတ်ခဲ့ရာ (၂၂–၁၁–၂၀၂၀)၊ (၁၂–၉–၂၀၂၂)ရက်စွဲများဖြင့် အမွေဆိုင်အချင်းချင်း သဘောတူအမွေခွဲဝေခြင်း၊ ကတိစာချုပ်များ ချုပ်ဆိုခဲ့ရာတွင် အမွေဆိုင်အားလုံး၏သဘောတူညီချက်ဖြင့် ပြုလုပ်ရန်၊ ရောင်းချရန်၊ မရောင်းချရန် အငြင်းပွားနေပါက အများဆန္ဒအရ အရောင်းအဝယ်ပြုလုပ်ရန် လက်မှတ်ရေးထိုးချုပ်ဆိုပြီးနောက်၊ ကလောမြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးအား မြေတိုင်းတာခိုင်းရာ အမွေဆိုင်ဥယျာဉ်ခြံမြေမှာ (၁၄)ကေရှိကြောင်း သိရှိရသဖြင့် ဦးမဟာဒါဆင်းရရှိသည့် အမွေဝေစုအတွက် (၂)ကေအား ခွဲဝေပြီးကြောင်း သိရှိကြပါသည်။

(၂၇–၈–၂၀၂၃)ရက်စွဲဖြင့် စာချုပ်ချုပ်ဆိုခဲ့ရာတွင် ကျန်အမွေဆိုင် မောင်နှမများက တစ်ဦးလျှင် မြေ (၂)ကေစီ ရရှိမည်ဖြစ်ရာ ဦးအောင်မင်းထွဋ်မှ မြေ (၁၂)ကေကို တစ်ပေါင်းတည်းရောင်းချ၍ အညီအမျှခွဲဝေယူကြရန် ပြောဆိုမှုအပေါ် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း ဦးအောင်မင်းထွဋ်မှ ဒေါ်မီမီမင်းထွဋ်အား ကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးပြီး ၎င်းနှင့် ပြောဆိုရန်၊ အမွေဆိုင် ဥယျာဉ်ခြံမြေအား ရောင်းချပေးနိုင်ခြင်း မရှိကြောင်း၊ ၎င်းတို့၏ စီမံမှုအရသာ လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုမှုများသည် တရားရုံး၏အမိန့်အား မထီမဲ့မြင်ပြုရာရောက်သည့်အပြင် အမွေဆိုင်မြေများအား ရောင်းချ၍မရသောကြောင့် ကျွန်ုပ်အမှုသည်များအနေဖြင့် ငွေကျပ်သိန်း(၃၀၀၀)ခန့် နစ်နာဆုံးရှုံးနေ၍ ဦးအောင်မင်းထွဋ်နှင့် ဒေါ်မီမီမင်းထွဋ်တို့သည် အမွေဆိုင်ဥယျာဉ်ခြံမြေအားပြုပြင်ခြင်း၊ လွှဲပြောင်းခြင်း၊ မပြုလုပ်ရန်နှင့် ယခုကြေညာသည့်နေ့မှစ၍ အမွေဆိုင်ဥယျာဉ်ခြံမြေအား (၁)လအတွင်း အမွေဆိုင်များ၏ ဆန္ဒအတိုင်း ရောင်းချပြီးခွဲဝေပေးရန် နစ်နာဆုံးရှုံးမှု သိန်း(၃၀၀၀)အား ကျွန်ုပ်အမှုသည်များထံပေးအပ်ရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကျွန်ုပ်အမှုသည်တို့၏ တောင်းဆိုမှုများကို လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဒေါ်လင်းလင်းထွဋ်၊** | **ဦးရဲထွန်း (စဉ်– ၅၃၄၀)** |
| **ဒေါ်စုစုထွဋ်၊** | **ဒေါ်အေးမာလှိုင်** |
| **ဒေါ်ဝေလှဲ့မောင်၊** | **(စဉ်– ၁၃၃၇၂)** |
| **ဒေါ်ဝါဝါထွဋ်၊** | **တရားလွှတ်တော်ရှေ့နေများ** |
| **ဒေါ်စိမ့်စိမ့်ထွဋ်** | **တိုက်အမှတ်(၄၈၇/က)၊** |

**မြေညီထပ်၊ အောင်ဇေမ္ဗူလမ်း၊**
**ကြီးပွားရေးရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သီဟစိုး [၁၂/လသန (နိုင်) ၀၂၂၀၈၂] ၏ ပတ်စ်ပို့နံပါတ် (MF–745267) စာအုပ်နှင့် ကျွန်မ မဝင့်သဉ္ဇာအောင် [၁၂/သကတ (နိုင်) ၁၈၇၉၂၀]၏ ပတ်စ်ပို့နံပါတ် (MH–139994) စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၇၆၇၉၇၃၆၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ရော(၉)လမ်း၊ အမှတ် ၈၄(ဂ)နေ ဒေါက်တာခင်မို့မို့သန်း [၁၁/အမန (နိုင်)၀၅၁၆၈၀]၏ဖခင် ဦးမောင်ခင်ဝင်း [၁၁/အမန(နိုင်)၀၁၉၉၈၁]၏ အမည်မှာ ဦးခင်ဝင်းနှင့် ဦးမောင်ခင်ဝင်း ဖြစ်နေသော်လည်း ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၉၊ မြေကွက်အမှတ်– ၆၁၉၊ ကျယ်အဝန်း (၄၀ ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၉) ရပ်ကွက်၊ တောင်ညိုလမ်း၊ အမှတ် ၆၁၉ ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်ထူး [၈/ခမန(နိုင်) ၀၀၄၂၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ–ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င/၁၃)၊ မြေကွက်အမှတ်(၂၄၂)၊ အကျယ်အဝန်း (အလျား ၆၀ပေx အနံ ၆၀ပေ)ရှိ ဦးကြီးမြင့် အမည်ဖြင့် ရရှိထားသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၂၄၂) ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကြီးမြင့် [၁၀/သထန(နိုင်)၀၂၅၁၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်–၂၀၉၅၁)**
**အမှတ်–၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph– ၀၉–၅၁၅၁၈၃၃၊ ၀၉–၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးအိမ်ရာ၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ အမှတ် (၆၉/အေ)၊ တိုက်အမှတ် (၄၃)၊ (၄)လွှာ၊ အကျယ်အဝန်း– ၁၅ပေx ၅၀ပေ ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေ၊ မီးအပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းထွန်း [၁၂/လကန(နိုင်)၁၃၈၆၀၄]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိငယ် [၁၃/တယန(နိုင်)၀၀၀၃၅၀]မှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်တင်စုဝေ(စဉ်–၁၀၈၂၈) (LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်– ၄၅၇၊ ရာဇာဓိရာဇ်(၂၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၀၈၂၀၀၃၊ ၀၉–၉၆၁၀၁၉၃၀၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(အနောက်)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၂၅) ဟုခေါ်တွင်သော အဆောက်အအုံ (ပ)ထပ်(ခြေရင်းခန်း) အကျယ်အဝန်း (၁၂ ၁/၂ ပေx ၅၅ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဟု ဝန်ခံကတိပြုသူ ဒေါ်အိမေဇင် [၁၄/မမက(နိုင်)၁၆၁၈၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီလွင် [၁၂/လမတ(နိုင်)၀၀၉၉၁၉]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၈)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်သန်း (လမ်းမတော်)**
**B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၉၅၉)**
**အမှတ်(၁၁၄) ၊ ဆင်မင်းလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– 09–421093312**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ ဒါနလမ်း၊ မြေကွက်အမှတ် (၄၂၀)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ ဒါနလမ်းနှင့် မေတ္တာလမ်းထောင့်၊ မြေကွက်အမှတ်(၄၁၇)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။ အထက်ပါ မြေကွက် (၂)ကွက်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးညီညီအောင် [၁၃/တကန(နိုင်)၀၆၈၄၄၄]** အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးကျော်ဆန်း [၉/ခမစ(နိုင်)၀၁၈၄၃၀]** သည် **“နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်”**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ထက်မိုး [၈/မမန(နိုင်)၂၁၉၈၃၂] နိုင်ငံကူးလက်မှတ် (MA 776652)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၇၁၃၄၈၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၅/က)၊ မြေကွက်တည်နေရာ-အမှတ်(၆၅/က)၊ ဓမ္မရာဇာ(၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ပြုံး [၈/တတက(နိုင်)၀၇၈၄၁၃] အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပြုံး(မိခင်)နှင့် ဦးကျော်သန်း (ဖခင်)တို့ ကွယ်လွန်သဖြင့် **ဒေါ်ပြုံးသန်းဦး [၁၂/လကန(နိုင်)၀၃၂၁၆၂]**မှ တစ်ဦးတည်းသော သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် - ၁၁၁၅/၂၀၂၄၊ (၁-၂-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## (၁၈)နှစ်ပြည့် အမှတ်တရ
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး ခင်မောင်ဝင်း
## ပြည်ထဲရေး-ဒုဝန်ကြီး(ငြိမ်း)

ပြုလုပ်သော ကုသိုလ်အစုစုသည် ကျေးဇူးရှင်၏ ကျေးဇူးကြောင့် စိတ်ဆန္ဒရှိသမျှ ပြုရပါသည်။ ကုသိုလ်ကောင်းမှုအစုစုတို့၏ အဖို့ဘာဂကို အမျှဝေပါသည်။ ရောက်ရာဘဝဘုံဌာနမှ သိနိုင်ကြားနိုင်ပြီး ဝမ်းမြောက်နုမောဒနာသာဓုခေါ်နိုင်၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်သော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို မမေ့မလျော့ မပေါ့သောသတိနှင့် ကျင့်ကြံအားထုတ်နိုင်ပါစေ အမျှ.. အမျှ..အမျှ

ကျန်ရစ်သူမိသားစု

## ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်(ပုလော)
## အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဝင်ဒါမီယာနေ (ဦးစစ်ရှိ)-(ဦးမျိုးဆွေ + သီရိသုဓမ္မသိင်္ဂီဒေါ်မြရှင်)တို့၏ သမီးကြီး၊ [ဦးလှအောင်(အငြိမ်းစားထောင်ပိုင်ဝန်)-ဒေါ်ခင်မြင့်မြင့်(မြတ်)] တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၈) မြေညီထပ်နေ ဦးသိန်းအောင်(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ မောင်ထွန်းမြတ်ချို (မမြတ်သွယ်ထွန်း(ခ)မီးကြီး)၊ မယုမြတ်ထွန်း(တရားလွှတ်တော်ရှေ့နေ)တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်သည် ၇-၃-၂၀၂၄ရက် နံနက် ၀၁:၁၅ နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၁-၃-၂၀၂၄ (တနင်္လာနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ရန်အောင်မြေဘုရား- ရဟန်း၊ သိမ်၊ သင်္ဃသုခကျောင်း
## ပိဋကတ်သုံးပုံ-ဘုရားရွှေထီးတော်များ ဒါယိကာမကြီး
## ဒေါ်မော်လီညွန့်
## (မန္တလေးမြို့စိန့်ဂျိုးဇက်ကွန်ဗင့်အင်္ဂလိပ်ကျောင်းသူဟောင်း)
## အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းနေ [ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးမောင်မောင်ညွန့်(ငြိမ်း)-ဒေါ်ကြည်ကြည်]တို့၏သမီး၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်စံပြရွာကြီး၊ ဒေါနလမ်းနေ (ဦးသန်းဖေ-ဒေါ်ရွှေသန်း) တို့၏သမီးချွေးမ၊ စမ်းချောင်း မြသိန်းတန် အောင်ဓမ္မာရုံ နာယကကြီး၊ ထီဘုရင် ဦးကျော်မြင့်၏ဇနီး ဒေါ်မော်လီညွန့် အသက်(၈၀)နှစ်သည် ၇-၃-၂၀၂၄(ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ၏ဆန္ဒအရ ၇-၃-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၃-၂၀၂၄(ဗုဒ္ဓဟူးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးအမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်၊ ဗဟိုလမ်း၊ အမှတ်(၆) နေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၃-၂၀၂၄ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆) တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇင်ဦး၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၅၀)ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ ခန်းတွဲ (၇)ထပ်တိုက်၏ အဋ္ဌမထပ်၊ ၇ လွှာ A အစား ဆဋ္ဌမထပ်၊ ၇လွှာA ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အမှူထမ်းရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၂၄)ဟုခေါ်တွင်သော သန်လျင်မြို့၊ အမှူထမ်းရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ညောင်သုံးပင်တောင်ကွက်၊ ဦးပိုင်အမှတ်(၆၈/ခ)၊ မြေကွက်အမှတ်(၅၅/က)၊ မြေဧရိယာ(၀.၀၄၀)ဧကရှိ မြေကွက်အား သန်လျင်မြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးသန့်ဇင် အမည်ဖြင့်ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဦးသန့်ဇင်သို့ ဌာနမှချထားပေးသော စာရွက်စာတမ်းများမှာ နာဂစ် မုန်တိုင်းကြောင့် စာရွက်စာတမ်းများ ပျက်ဆီးဆုံးရှုံးသွားသည့်အတွက် ယခုကျွန်တော်၏လက်ဝယ်တွင် စာရွက်စာတမ်းများမရှိပါကြောင်း ယနေ့အချိန်အထိ ကျွန်တော်သာ ခြံမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်မာဃလမ်း၊ မြေကွက်အမှတ်(၅၀၅)နေ ဦးတင်ဖြိုး [၅/မမတ(နိုင်)၀၈၂၇၉၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်အမည်ပါ ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၃၂၀၄)ဟု ခေါ်တွင်သော ဒေါ်ခင်ရီ [၁၂/ဥကမ(နိုင်)၁၂၁၇၅၄]အမည်ပေါက် ဧရိယာ(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းထွန်း [၁၂/ဥကတ(နိုင်)၀၀၈၄၇၄] ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ တော်ဝင်အိမ်ရာ၊ တိုက်(၁၉)၊ အခန်း(၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၄-၈-၂၀၂၃) ရက်စွဲပါ "မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် မြေကွက်ဖိုးငွေ အပြေအကျေကို တစ်လုံးတည်း ပေးချေ၍ ပါမစ်မူရင်းအပါအဝင် ဆက်စပ်စာချုပ်မူရင်းများနှင့် မြေကွက်ကို လက်ရောက်ရယူပြီး မြေကွက်ကို ပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိကာလတွင် ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)**
**ဖုန်း-၀၉-၄၃၀၇၂၄၄၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၃၂၅၊ ကန်သာယာ(၅)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဒေါ်ဆွေလှိုင်ဦး [၁၂/ဒပန(နိုင်)၀၄၆၅၅၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်း City Loft အိမ်ရာ၊ တိုက်အမှတ်(CL-8)၊ အခန်းအမှတ်(511)၊ အခန်းအမျိုးအစား Type (1-BR) 5th Floor၊ (484) စတုရန်းပေရှိ အခန်းအား ဒေါ်ဆွေလှိုင်ဦးမှ မောင်ဖြစ်သူ ဦးဇော်လွန်းနောင် [၁၂/ဒပန(နိုင်)၀၆၁၆၂၃] ထံသို့ (၇-၃-၂၀၂၄)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ပြုလုပ်ချုပ်ဆို၍ အပြီးအပိုင်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးညီညီအောင်** | **ဦးရောမြင့်မြတ် LL.B** |
| **LL.B, DL.101 WIPO (Switzerland)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၄၈၉)** |
| **Diploma in Software Engineering,** | |
| **Diploma in English** | |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၃၇၁)** | |
| **အမှတ်(၃၆)၊ ၃-လွှာ(B)၊ ၈၈-လမ်း၊** | |
| **ကန်တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | |
| **ဖုန်း-၀၉-၇၃၁၆၀၁၈၆၊ ၀၉-၇၇၈၉၂၀၃၂၀** | |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာသစ်ကျေးရွာ၊ ငုရွှေဝါ(၄)လမ်းရှိ (၂၅ပေx၆၈ပေ)အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂/၁၅၉)ဟုခေါ်တွင်သော (၁)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဒေါ်ပန်းမန္တူ [၁၂/အစန(နိုင်)၂၀၈၂၃၄]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီခိုင်[၁၂/ကမတ(နိုင်)၀၆၀၂၆၄]မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းမင်းဦး** | **ဒေါ်ပြည့်သဥ္ဇာငွေး** |
| **(LL.B, WIPO-Switzerland)** | **(LL.B, WIPO-Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၅၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၅၂၈)** |

**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၄၄၇၀၆၅၁၊ ၀၉-၄၄၄၄၆၄၄၅၂**

## မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၃၂၁)၊ ရတနာလမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်မြမြအေး[၁၂/ဥကတ(နိုင်)၀၀၅၇၁၆]** အမည်ပေါက် တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ **ဒေါ်အေးအေးဝင်း[၁၂/ရကန(နိုင်)၀၆၉၃၃၁]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-E)၊ လူနေရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၃၂၈)၊ ဧရိယာ(၀.၀၅၀)ဧက အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကြည်(ခ)လင်မင်ကွန်း[၁၂/ကတတ(ဧည့်)၀၀၀၁၂၄] အမည်ပေါက် နှစ်(၉၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၆၃)လမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးထက်မြတ်အောင်[၁၂/တမန(နိုင်)၁၁၁၄၈၇]ကိုင်ဆောင်သူ၊ အမှတ်(၂)၊ ဒေဝဒဟတိုးချဲ့ (၁)လမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူမှ တရားဝင် လက်ရှိထား၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် **ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက** အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို (စရန်)ငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော တရားဝင်အထောက်အထား(မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်မြ (LL.B,LL.M,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၄)**
**အမှတ်(၁၄)၊ (မြေညီ)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ တာမွေOceanအရှေ့၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉-၅၀၄၇၃၈၃**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၇၈)တွင် နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ဝင်း (ဘ) ဦးဘိုးပြန် (အပျိုကြီး) [၁၂/စခန (နိုင်) ၀၂၁၀၃၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ခင်ဝင်းသည် ၎င်း၏ တူမတော်စပ်သူ မဝါဝါအောင် (ဘ) ဦးသိန်းချစ် မှတ်ပုံတင်အမှတ် [၁၂/စခန(နိုင်)၀၆၁၈၅၉] ကိုင်ဆောင်သူအား ဒေါ်ခင်ဝင်း၏ ကောင်းမွေ၊ ဆိုးမွေမှစ၍ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော အခြေပစ္စည်းများ အပါအဝင် အမွေပစ္စည်းများအားလုံးကို ဆက်ခံစေရန် ရည်ရွယ်၍ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့ရှိ ရုံးတွင် (၂၃-၂-၂၀၂၄) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၁၇၉၂/၂၀၂၄) အရ တရားဝင်အမွေစားအမွေခံကိတ္တိမသမီး မွေးစားခြင်းစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။

အထက်ပါအတိုင်း ဒေါ်ခင်ဝင်းမှ မဝါဝါအောင် အား တရားဝင်အမွေစားအမွေခံကိတ္တိမသမီး မွေးစားပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉ - ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀၂၄ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ဂင်စီ (၉၄နှစ်၊ ထားဝယ်) နာမကျန်းဖြစ်စဉ်က ကူညီပြုစုကုသပေးပါသော လုပ်ဖော်ကိုင်ဖက်ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ နှလုံးရောဂါကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများအားလည်းကောင်း၊ လိုအပ်သည်များကို လိုလေသေးမရှိ မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးခဲ့ကြသော နီနီရောဂါရှာဖွေရေး/ အထူးကုဆေးခန်းနှင့် သုခကမ္ဘာဆေးရုံအားလည်းကောင်း၊ ဈာပနကိစ္စအဝဝအတွက် ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လိုက်ပါပို့ဆောင်ပေးသူများ၊ လွမ်းသူပန်းခြင်းများနှင့် လှူဖွယ်ဝတ္ထုများကို ပေးပို့ကြသော ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ သီလဝါအထူးစီးပွားရေးဇုန်၊ လနထ(ရန်ကုန်)နှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဝမ်းနည်းကြောင်း သတင်းမေးသူများနှင့် နှစ်သိမ့်ကြသူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဧည့်ဝတ်မကျေပွန်မှုများ ရှိခဲ့ပါသော် ခွင့်လွှတ်ပေးပါရန် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ မြေကွက်အမှတ်-၅၇၃/က၊ မြေကွက်တည်နေရာအမှတ်(၅၇၃/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ကိုမြင့်သိန်း (TGKN- ၀၀၈၅၅၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြင့်သိန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၈၅၉၃/၂၀၂၃ (၂၈-၉-၂၀၂၃)ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်မြင့်[၁၂/သဃက(နိုင်)၀၅၈၂၈၁]မှ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့်အမှုတွဲအမှတ်-သဃက/ဂရမိတ္တူ-၂၀၂၃၀၃၀၁၁၂/၂၀၂၃(၁၂-၁၀-၂၀၂၃)ဖြင့် ဂရန်မိတ္တူ လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ် သဃက-၆၅၄/၉၅(၁-၁၀-၉၄)ဖြင့် ထုတ်ပေးထားသည့် မူလမူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ညိုညိုခင်
### B.A, Dip.Ed
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၂) ကြည့်မြင်တိုင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၈၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးထွန်းရီ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဒေါ်တင်ညိုထွန်း (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသက်အောင်စိုး(2nd Mate F.G)-ဒေါ်ဇင်ညိုထွန်း တို့၏မိခင်၊ မောင်မြတ်သုတ၊ မနှင်းအရုဏ်လင်း တို့၏အဘွား ဒေါ်ညိုညိုခင် သည် ၈-၃-၂၀၂၄ ရက်(သောကြာနေ့) နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ကထိန်ဒါယကာကြီး
## ဦးကျော်ခိုင်
### Graphic Designer (UK Studio)
### ဥက္ကဋ္ဌ၊ ရွှေရောင်လွမ်းတဲ့လက်များ
### မြို့မမောင် ရောင်တော်ဖွင့်အဖွဲ့-ကျိုက္ကဆံဘုရား
### အသက် (၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ (၁၈)လမ်း(အထက်)၊ အမှတ် (၃၃၄/ခ) နေ (ဦးကျော်စိုး-စာရေးဆရာမောင်ကျေးဇူး)-ဒေါ်ခင်ယဉ်တို့၏ဒုတိယသား၊ (ဦးကျော်မြင့်)-ဒေါ်တင်ရှိန်တို့၏သားသမက်၊ ဦးခင်စိုး(ရေကျော်)၊ ဦးဇော်မင်းကျော်-ဒေါ်သီတာလှိုင်၊ ဒေါ်တင်တင်ကျော်တို့၏ညီ/မောင်၊ ဦးအောင်သူ-ဒေါ်နုနုအေး၊ (ဦးရဲမင်းကျော်)-ဒေါ်ငွေးငွေးဝင်း၊ ဦးမြတ်ကိုကိုတို့၏အစ်ကို၊ မောင်ဟိန်းထက်နန္ဒ၊ မခန့်နန္ဒာကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သက်ထားကျော်၏ ချစ်လှစွာသော ခင်ပွန်း ဦးကျော်ခိုင်သည် ၇-၃-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၄:၅၃ နာရီတွင် ARYU ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၉-၃-၂၀၂၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဖေသိန်း (ငြိမ်း) (ရေ-၁၁၃၀)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်နေ ဗိုလ်မှူးဖေသိန်း (ငြိမ်း) သည် ၂၂-၂-၂၀၂၄ ရက် ည ၁၀:၃၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါဖောင်ဒေးရှင်း**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်
### အသင်းဝင်အမှတ်-၁၆၉၄
### အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းလမ်းမ၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၈)နေ ဦးသိန်းအောင်၏ဇနီး ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်သည် ၇-၃-၂၀၂၄(ကြာသပတေးနေ့) နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

နာယက၊ အမှုဆောင်အဖွဲ့

## သင့်သွေးဖြင့်
## အသက်
## ကယ်ပါ

## ဦးတင်မောင်ဝင်း
### (ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်း)(အငြိမ်းစား)
### မော်လမြိုင်စိန်ပက်ထရစ်ကျောင်းသားဟောင်း
### အသက်(၈၁)နှစ်

မော်လမြိုင်မြို့နေ (ဦးခင်စိန်-ဒေါ်မြစိန်)တို့၏သားကြီး၊ (ဦးကျော်သိန်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဦးသိန်းသန်း-ဒေါ်မြင့်သန်း)၊ (ဦးဝေဇင်)-ဒေါ်ရီရီခင်၊ ဦးစိုးသွင်-ဒေါ်ကြည်ဝင်း၊ (ဦးသန်းဖေ)-ဒေါ်သန်းတင်၊ (ဦးစိုးမြင့်)-ဒေါ်ခင်သန်းကြည်၊ ဦးအောင်တင်ထူး-ဒေါ်သန်းသန်းကြည်၊ ဦးမြင့်စိုး-ဒေါ်မြင့်တို့၏အစ်ကိုကြီး၊ ဦးကျော်ဝဏ္ဏ‌ဝင်း၊ ဦးအောင်စိုး-ဒေါ်တင်မာလာဝင်း၊ (ဦးအောင်ဝဏ္ဏဝင်း)၊ ဦးကျော်သူရ-ဒေါ်စန္ဒာဝင်း၊ ဦးဇော်ဝဏ္ဏဝင်း-ဒေါ်ဖြူဖြူအောင်၊ (ကိုတိုးဝဏ္ဏဝင်း)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ တူ/တူမ ၂၆ ယောက်တို့၏ဘကြီး၊ ဒေါ်လှရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၃-၂၀၂၄ (ကြာသပတေးနေ့)ည ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၂၄(စနေနေ့) ညနေ ၃:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)
### နာယက ဦးနိုင်ဝင်း
### အသက်(၇၃)နှစ်

ရန်ကုန်မြို့ ၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇၁)၊ ဗဟိုလမ်း၊ (၃/ခ)ရပ်ကွက်နေ ဒေါ်ခင်ဝင်းတင့်၏ ချစ်လှစွာသော ခင်ပွန်း ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဦးနိုင်ဝင်း အသက်(၇၃)နှစ်သည် ၆-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့)နံနက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကိုကိုနိုင်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီရိပ်သာ၊ တိုက်(C)၊ အခန်း(၄၀၄)နေ ဒေါ်သိဂီ၏ခင်ပွန်း ဦးကိုကိုနိုင်(အသင်းသား၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်)သည် ၅-၃-၂၀၂၄(အင်္ဂါနေ့)နံနက် ၁၁:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဂင်စီ(ထားဝယ်မြို့)
### အသက် (၉၄)နှစ်

ဒေါက်တာ နွယ်နွယ် (ပါမောက္ခ/ဌာနမှူး)နှလုံး ရောဂါဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ချစ်လှစွာသောမိခင် ဒေါ်ဂင်စီအသက်(၉၄)နှစ်သည် ၂-၃-၂၀၂၄ ရက် နံနက် ၁၀း၁၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**သုခကမ္ဘာဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်(ပုလော)
### အသက်(၅၈)နှစ်

မယုမြတ်ထွန်း(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောမိခင် ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင် အသက်(၅၈)နှစ်သည် ၇-၃-၂၀၂၄ရက် နံနက် ၀၀:၁၅ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုဖိုးဇော်၊ ကိုလင်းလင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင်(ပုလော)
### အသက်(၅၈)နှစ်

ဦးသိန်းအောင်(တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောဇနီး၊ မယုမြတ်ထွန်း(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသော မိခင် ဒေါ်စမ်းသီ(ခ)ဒေါ်စန်းစန်းရှင် အသက်(၅၈)နှစ်သည် (၉၆)ပါးသောရောဂါဖြင့် ဆာကူရာဆေးရုံကြီး၌ ၇-၃-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကြည်မိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်-၄၀၊ ၂-ခန်းတွဲ (၆)ထပ် အဆောက်အဦ၏ (၆)လွှာ B၊ ၁၁.၆ ပေ x ၄၈ ပေရှိ တိုက်ခန်းအပါအဝင် နေထိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်နန်းအေးထွေး[၁၃/မဆတ(နိုင်)၀၃၃၇၄၀] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇင်ဆွေ[၁၂/ဒဂရ(နိုင်)၀၀၈၅၃၄]ကိုင်ဆောင်သူက လက်ရောက်အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇင်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်ရိုင်းလမ်း၊ အမှတ်(၅၄၂) ဟုခေါ်တွင်သော အလျား(၂၁)ပေxအနံ(၆၁)ပေရှိ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင်ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူများဖြစ်သည့် ဦးလှိုင်မြတ်[၁၂/ရကန(နိုင်)၀၆၀၅၀၄]နှင့် ဒေါ်အေးအေးစံ [၉/အမရ(နိုင်)၀၀၂၄၁၇]တို့မှ ၎င်းတို့သာပိုင်ဆိုင်ကြောင်းမြွက်ဟဝန်ခံလျက်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်နိုင်ထွန်း [၁/ဗမန(နိုင်)၀၃၇၀၀၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းပပအောင်**
**LL.B, LL.M, D.B.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၉၆၇)**
**အမှတ်(၁၁၀)၊ ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊**
**ကျောက်တံတားမြို့နယ်၊**
**မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ ရဲရန်အောင်လမ်းသွယ် (၃)လမ်း၊ မြေကွက်အမှတ်(၁၁၉) တွင် ဆောက်လုပ်ထားသည့် (၄)ထပ်တိုက်၊ (၂)ခန်းတွဲ R.C တိုက်၏ (အလယ်ခန်း) ပထမထပ်ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၃ပေx၄၅ပေ)ရှိ ကန်ထရိုက်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဒေါ်ယဉ်ယဉ်နွဲ့[၁၂/ရကန(နိုင်)၀၀၉၈၉၃]က ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချကြောင်း ဝန်ခံကတိပြု ရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လဲ့ရည်ဝင်း[၉/မထလ(နိုင်)၂၃၇၉၃၆]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်မူရင်းများပြသ၍ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လျှင် အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်လဲ့ရည်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေမီသက် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၅၉၁)**
**၀၉-၄၄၃၁၈၆၈၂၄**

**ဦးကျော်ဆန်းနိုင်**
**B.A (Law) LL.B, D.B.L, D.M.L, D.I.L, D.A.Psy,**
**Dip in English, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၉၂၉)**
**ဖုန်း-၀၉-၅၁၆၃၅၄၂**

**တိုက်(၉/၁၁)၊ အခန်းအမှတ်-၀၀၄၊ မြေညီ၊ ၃၆(အောက်)လမ်း၊ ကျောက်တံတားမြို့နယ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဒီဇယ်စက်ခေါင်းပြင် စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ Play-off ဗိုလ်လုပွဲသို့ MIU အသင်း တက်ရောက်

ရန်ကုန် မတ် ၈

**MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ Play-off ဆီမီးဖိုင်နယ်ပွဲစဉ်ကို မတ် ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ MIU အသင်း အနိုင်ရပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။**



MIU အသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဆီမီးဖိုင်နယ်ပွဲတွင် MIU အသင်းက Generations အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ် ပထမဆုံးပွဲတွင် အဆင့် (၂) နေရာရခဲ့သည့် MIU အသင်း အနိုင်ရခဲ့သဖြင့် နောက်ပွဲ ထပ်မံကစားရန်မလိုဘဲ ဗိုလ်လုပွဲတက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ဒုတိယအကျော့အပြီးတွင် အဆင့် (၂) နေရာရသည့် MIU အသင်းက ပထမဆုံးပွဲအနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး အဆင့် (၃) နေရာရသည့် Generations အသင်းအနိုင်ရပါက နောက်ပွဲများ ထပ်မံကစားရမည်ဖြစ်သည်။ MIU အသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို နှစ်မိနစ်တွင် ကျော်ကျော်ထွန်း၊ ကိုးမိနစ်တွင် ဇော်ဝင်းဖြိုး၊ ၁၀ မိနစ်တွင် အမ်ပိုလ်နှင့် ၁၁ မိနစ်တွင် မျိုးသက်အောင်တို့က သွင်းယူခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ○

## မြန်မာ ယူ-၁၆ အမျိုးသားအသင်းဖွဲ့စည်းရန် လူရွေးပွဲနှင့် ကြံ့ခိုင်မှု စစ်ဆေးခြင်းများ ပြုလုပ်

ရန်ကုန် မတ် ၈

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အမျိုးသား လူငယ်လက်ရွေးစင်အသင်းဖွဲ့စည်းရန် လူရွေးပွဲနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၆ အသင်း ဖွဲ့စည်းရန် ဖေဖော်ဝါရီဒုတိယပတ်တွင် ပထမအကြိမ်လူရွေးပွဲ၊ မတ်လပထမပတ်တွင် ဒုတိယအကြိမ် လူရွေးပွဲများပြုလုပ်ခဲ့ပြီး မတ် ၆ ရက်တွင် PCMA (Pre-Competition Medical Assessment) ဆေးစစ်ခြင်းပြုလုပ်ခဲ့သည်။ ထို့ပြင် မတ် ၇ ရက်နှင့် ၉ ရက်တွင်ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ဒုတိယအကြိမ် ကြံ့ခိုင်မှုစစ်ဆေးပြီးမှသာ ပဏာမလူစာရင်း ထုတ်ပြန်ကာ

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❖




## LFA 181 ပြိုင်ပွဲတွင် ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထီရယ်လ်ထန်နှင့် ဗီယက်နမ်ဖိုက်တာ ကွမ်လီတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်

ရန်ကုန် မတ် ၈

LFA 181 ပြိုင်ပွဲကို အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ် ပရီးရားလိတ်မြို့ရှိ မိုင်စတစ်လိတ် ကာစီနိုဟိုတယ်၌ ဧပြီ ၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထီရယ်လ်ထန်နှင့် ဗီယက်နမ်ဖိုက်တာ ကွမ်လီတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်ကြောင်း သိရသည်။

### ယှဉ်ပြိုင်ထိုးသတ်ရမည်

အဆိုပါပြိုင်ပွဲတွင် တွဲဆိုင်း ခုနစ်ဆိုင်းပါဝင်မည်ဖြစ်ပြီး အဓိကခေါင်းပွဲတွင် LFA ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဘရာဇီးဖိုက်တာ အက်ဒွါဒိုနှင့် စိန်ခေါ်သူ အမေရိကန်ဖိုက်တာ ဟာနန်ဒက်ဇ်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထီရယ်လ်ထန်မှာ ဒုခေါင်းပွဲအဖြစ် ဘင်တန်ဝိတ်တန်းတွင် ဗီယက်နမ်ဖိုက်တာ ကွမ်လီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ထီရယ်လ်ထန်သည်

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✻

## ယနေ့ ဖတ်စရာ

**“မြန်မာနိုင်ငံ၏ ဒေသကြက်များ မျိုးရိုးဗီဇအဆင့်မြှင့်တင်ခြင်းနှင့် အဖြစ်များသောကူးစက်ရောဂါများ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဒေသကြက် မွေးမြူထုတ်လုပ်မှု ပိုမိုမြင့်မားစေခြင်း” စီမံကိန်းစတင်**

စာမျက်နှာ » ၈

**နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးနှင့် ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုမှ တစ်ရွာလျှင် လူ ၅၀ စစ်မှုထမ်းရန် အတင်းအဓမ္မစုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

**ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း**

စာမျက်နှာ » ၁၈